www.burmeseclassic.com

ဦးအောင်လွင်

# ကွတ္တိယသျှတ္တရနှင့် ပုရိသလက္ခဏာများ

www.burmeseclassic.com

တာမိုးခင် စာပေတိုက်မှ
ဆက်လက်ထွက်ရှိလာမည့်
စာအုပ်ကောင်းများ

# ဦးသော်ဇင် (မြန်မာစာအဖွဲ့)

## သုတဥူလိ

([illegible])

# ဗေဒင်ကျမ်းညွှန့်

နိုင်ငံကျော်ဓမ္မကထိက

## ကြာနီကန်ဆရာတော်

ထေရုပ္ပတ္တိ

([illegible])



တာမိုးခင်စာပေတိုက်

၁၀၆/၁၃ လမ်း/ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

စာမူ ကြိုတင်ခွင့်ပြု အမှတ် [ ၁၁၆၃ ]
မျက်နှာဖုံး ကြိုတင်ခွင့်ပြု အမှတ် [ ၀၃၇၄ ]

ပထမ အကြိမ်
၂၀၀၀ - အုပ်
၁၉၈၄၊ မေလ

တန်ဖိုး
၉ - ကျပ်

မျက်နှာဖုံး ပန်းချီ
အောင်ဘ

မျက်နှာဖုံး ပုံနှိပ်
အောင်သာ အောဖ်ဆက်

ပုံနှိပ်သူ
ဒေါ်မမ (မြ-၀၂၁၄၃) အောင်ဥက္ကလာ ပုံနှိပ်တိုက်၊
အမှတ် ၁၄၁/၄၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ခင်နှင်းနွယ်(မြ-၀၂၀၈၅)နှင်းချယ်ရီ စာပေ၊
တကသ (၁)၊ အောက်ပုဂံလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

## ကျေးဇူးဆပ်အပ်ပါသည်

- ဤစာအုပ်ကို ရေးသားပြုစုခြင်းအားဖြင့်
- ပဲခူးတိုင်း ရွှေကျင်မြို့ တရုတ်တန်းရပ်ခန (အဖ) ဦးကျော်နှင့် (အမိ) ဒေါ်သန်း အား လည်းကောင်း၊
- မိသားစုမေတ္တာဖြင့် စောင့်ရှောက်ကြကုန်သော အစ်ကိုစိုးမြင့်၊ ညီမ မစန်းမြင့်၊ မစန်းရီ၊ ညီလေး မောင်အေးမြင့် ၏ မေတ္တာတရားကို လည်းကောင်း၊
- သွန်သင် ဆုံးမ ဩဝါဒ ပေးခဲ့ကြကုန်သော ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာ အပေါင်းတို့အား လည်းကောင်း၊
- အဘက်ဘက်မှ ကူညီခဲ့ကြသည့် စာပေအပေါင်းအသင်း၊ မိတ်ဆွေအပေါင်းအသင်းတို့ အားလုံးကို လည်းကောင်း၊

ဤစာအုပ်ဖြင့် ဂါရဝပြု၍ ကျေးဇူးဆပ်အပ်ပါသည်။

ဦးအောင်လွင်



www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ တင်မြပါရစေ ဖိုမအခြေ
၂။ လောကီမင်္ဂလာ တဆယ့်နှစ်ဖြာ
၃။ မင်္ဂလာအခမ်းအနား အချိန်အခါများ
၄။ ဒုစရိုက်ဆယ်ပါး
၅။ သုစရိုက်ဆယ်ပါး
၆။ မိန်းမဆိုတိုင်း အပြစ်မမြင်သင့်
၇။ ဂန္ထဝင်အလှများ
၈။ မိန်းမမာယာ လေးဆယ်
၉။ မိန်းမတို့၌ မရှိအပ်သောအပြစ်(၆)မျိုး
၁၀။ မပေါင်းသင်းထိုက်သော မိန်းမအမျိုးအစား
၁၁။ ဇနီးမယား(၇)မျိုး
၁၂။ မိန်းမကောင်းလက္ခဏာ(၅)ပါး
၁၃။ ရှောင်ရှားသင့်သော မိန်းမများ
၁၄။ အိမ်ထောင်ဘက်မရွေးသင့်သော မိန်းမများ
၁၅။ မိန်းမတို့ကိုဖျက်ဆီးတတ်သော အကြောင်းတရားများ
၁၆။ ဇနီးမယားကောင်းတို့၏ ဂုဏ်အရည်အချင်း(၄)ပါး


www.burmeseclassic.com

www.burmeseclassic.com

၁၇။ လူတွင်ဖြစ်တတ်သောဒေါသ(၆)မျိုး
၁၈။ မိန်းမအမျိုးအစား
၁၉။ မိန်းမအမျိုးအစားနှင့်လက္ခဏာများ
၂၀။ မိန်းမတို့၏ ကောင်းခြင်းလက္ခဏာများ
၂၁။ မိန်းမတို့၏ ယောနိမဂ်ဆောင်ကြာနိမိတ်များ
၂၂။ ဆောင်ရန် ရှောင်ရန် လက္ခဏာပြမိန်းမများ
၂၃။ မိန်းမတို့၏ ရုပ်လက္ခဏာနှင့် အကျိုးအပြစ်များ
၂၄။ ယောကျ်ားတို့အကြောင်း
၂၅။ ယောကျ်ားလက္ခဏာများ
၂၆။ ပုရိသအင်္ဂါ၏ အကျိုးအပြစ်များ
၂၇။ ယောကျ်ားမြတ်တို့၏လက္ခဏာများ
၂၈။ ယောကျ်ားလက္ခဏာပြ အကျိုးအပြစ်များ

* * * မှီငြမ်းကိုးကားသောစာအုပ်များ (၁) ကာမသျှတ္တရကျမ်း၊ (၂) မိန်းမဟူဘိကျမ်း၊ (၃) မန္တလည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာ ကောက်နုတ်ချက်၊ (၄) ပီမိုးနင်း၏ မိန်းမဟူသည်။

## တင်ပြပါရစေ ဖိုမ အခြေ

ကျွန်တော်သည် ပထမဦးစွာ "ချစ်မေတ္တာနှင့် ဖိုမပြဿနာ" စာအုပ်ကို ရေးသားပြုစုခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒုတိယမြောက် ကြိုးစားချက် အနေဖြင့် "ဗုဒ္ဓိယသျှတ္တရနှင့် ပုရိသလက္ခဏာများ" စာအုပ်ကို ထပ်မံ ရေးသားပြုစုလိုက်သည် မည်ပါသည်။

တကယ်တော့....

ကျွန်တော်သည် ဗုဒ္ဓိယတို့ အကြောင်းကို စာတတန် ပေတဖွဲ့နှင့် အကျယ်ချဲ့ ရေးပြနေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အကုန်အစင် နှံ့စပ် ကျွမ်းဝင်ပြီး ထုံးလိုးခြေ ရေလိုက်နှောက် နိုင်သော အဆင့်သို့ ရောက်မိသေးသူ မဟုတ်ပါ။

အမှန်တော့….

ရှေးပညာရှိကြီးများ၏ အဆိုအမိန့်၊
ကျမ်းဂန်များ၏ အညွှန်အပြ၊
လူပညာရှိကြီးများ၏ အဆုံးအမ၊
ပတ်ဝန်းကျင်၏ အသွန်အသင်၊
နီးစပ်ကျွမ်းဝင်ရာ၏ အတွေ့အထိ၊
အသိအမြင်၊ အကြားဗဟုသုတ၊

လက်လှမ်းမီရာ ပဏ္ဏတ် အခြေအနေအပေါ် ရှုမြင် သုံးသပ် လေ့လာ မှတ်သားမိခဲ့ရသော ဇာတ်လမ်း အကြောင်းများစွာ အစုံအလင်နှင့် သတိရှိစွာဖြင့် စူးစမ်းလေ့လာ သုံးသပ် ဆင်ခြင် မိသော အလေ့အကျင့်၊

ဤမည်သောအကြောင်းတရားတို့ ပေါင်းစုံ စည်းဝေးခဲ့လေသဖြင့် ကျွန်တော်သည် ဤ စာ အုပ်ကို တတ်အားသရွေ့ ပြုစုရေးသားခဲ့နိုင်ခြင်း ဖြစ်ပေသည်။ ဤသို့ ရေးသား ပြုစုခဲ့နိုင်သော် လည်း ကျွန်တော်၏ ရှုထောင့် အတွေ့အကြုံ၊ အကြားအမြင်၊ ဗဟုသုတတို့သည် ပြီးပြည့်စုံသည်



ဟု ဝန်မခံလိုပါ။ လိုအပ်သည်များ အများ အပြား ရှိနေဦးမည် ဖြစ်ပါသည်။

ဝန်ခံအပ်ပါသည်….။

ရှေးပညာရှိများနှင့် လူမှုနယ်ပယ် အသီးသီး တို့မှ အတွေးအခေါ် ပညာရှင်တို့သည် မိန်းမ များ၏ အလှဘွဲ့ကို ထပ်မနား ရေးပြကြ ဆဲပင် ရှိပါသည်။ တပြိုင်နက်တည်းမှာပင် မိန်းမများ ၏ အပြစ် အနာ အဆာများကို ကွက်ကွက် ကွင်းကွင်း ရွေးထုတ်ပြခဲ့ကြသော်လည်း ပုရိသ ယောကျ်ားများ၏ အမူ အကျင့် ဆိုး များ ကို ဘက်စုံ့အောင် တင်ပြခဲ့သူ နည်းပါးလှပေသည်။

ဖြစ်သင့်သည်မှာ….

ဂူတ္တိယသဘောကို ဖော်ထုတ် ပြဆိုခဲ့သလို ပုရိသ မုဆိုးများ၏ ယောကျ်ား မဆန်သော အပြုအမူ၊ အမူအကျင့်၊ ဒုစရိုက်လက္ခဏာများကို ယှဉ်တွဲတန်စွာ တင်ပြဖို့ လိုအပ်လှပါသည်။ အမှန် တရား များကို ဖော် ထုတ် သင့် ပေ သည်။ သို့မဟုတ်က ဂူတ္တိယမိန်းမများကို တမင်ချိုးနှိမ် သည်နှင့် တူပေတော့မည်။

ကျွန်တော့်အနေဖြင့်….

နှစ်ဘက်အမြင်ကို ယှဉ်တွဲလေ့လာနိုင်စေရန် အတတ်နိုင်ဆုံး ကြိုးစား ရေးသား ထားသည် ဖြစ်ပါသည်။ သို့သော်ယောကျ်ားတို့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရေးဖွဲ့ပြဆိုခဲ့သော အဆုံးအမများသည် စာပေကျမ်းဂန် ရှေးအစဉ်အလာများ နည်းပါးခဲ့သည် ဖြစ်ရာ ကျွန်တော့် တင်ပြချက်များသည်လည်း အားနည်းဖွယ်ရာ ဖြစ်နိုင်သည်။ ဤသည်မှာလည်း ဤစာအုပ်ကိုရေးသားပြုစုသူ ကျွန်တော့် အားနဖြင့် ကဝိအကျော်တဦး မဟုတ်၍ အကိုးအကားကြောင့် ရိုးသားစွာ အားနည်းရခြင်း ဖြစ်ပေသည်။ သို့ရာတွင် ကျွန်တော့် တင်ပြချက်များသည် ယောကျ်ားတဦး ဖြစ်လင့်ကစား ယောကျ်ားများကို ဘက်လိုက် အသားပေး ရေးသား ပြုစုခြင်း မရှိသည်ကို သတိပြုသင့်ပါသည်။

သို့ရာတွင်....

လူ့သဘောအရ အခြေအနေ ဆန်းစစ်ကြည့်မည်ဆိုပါက....

လူသည် ပတ်ဝန်းကျင်ကို ကိုယ်စားပြုသည် ဖြစ်၏။

လူသည် သူ့အယူအဆကို အခိုင်အမာပြုတတ်သည် ဖြစ်၏။

လူသည် မိမိအတွေးအခေါ်ကို ရှေ့တန်းတင်တတ်သည် ဖြစ်၏။

လူသည် သူ့အယူအဆကိုထာဝရခိုင်မြဲသော ပရမတ္ထသစ္စာအရာဟုထင်မြင်တတ်သည်ဖြစ်၏။



သို့ရာ၌....

လူကို ကြင်နာအောင် ပြုစုတတ်ခြင်း။

ဝမ်းနည်း ဝမ်းသာ ဖြစ်ပေါ် ခံစားတတ်စေခြင်း။

ချီးမြှောက် တင်စား ဦးထိပ်ထား တင်စား ပြောဆိုခြင်း။

ဒေါသအမျက် ထွက်စေခြင်း။

ဤမည်သော အကြောင်းများဖြင့် တပါးသူ၏အမြင်၊ အပြုအမူ၊ အကျင့် စရိုက်များကို ဖော်ထုတ်နိုင်စွမ်းရှိလေသည်။

သို့စေကာမူ....

လူသည် တပါးသူ၏အယူအဆကို နှင်းခြေဖျက်ဆီးလေ့ရှိ၏။

လူသည် တပါးသူ၏ အတွေးအခေါ် ကို ရှုတ်ချ မြေမြှုပ်လေ့ရှိ၏။

လူသည် တပါးသူ၏ထင်မြင်ချက်ကိုမျက်နှာလွှဲနေတတ်လေ့ရှိ၏။

ဤသို့ဆိုလိုသည့်တိုင်....

လူတိုင်းသည် အနှစ်သာရ အပိုင်း၌ အမြင်ချင်း တူညီတတ်ကြသည်ကိုတော့ သတိပြုမိနိုင်ကြပေလိမ့်မည်။ ဤသည်နှင့်အညီ ကျွန်တော့် တင်ပြချက်များကို ငြင်းချက်ထုတ်၍ ထောက်ပြ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဆိုမည့် သူများကိုကား ကျွန်တော်သည် မုချ သိနေသလိုလိုပင်။

အဆုံးအမများ ရှိခဲ့ပါသည်....

လူသည် မိမိ၏သိမြင်တွေးခေါ်ချက်များကို အများ ရှေ့တွင် ကြေငြာချက်ထုတ်၍ အသိ အမှတ်ပြုခံချင်ပေလိမ့်မည်။ သင်သည် ထိုသူ၏ အမှားများကို ထောက်ပြ ပြင်ဆင်ခြင်း ချက်ချင်း မလုပ်ပါနှင့်၊ လုပ်မိသည်နှင့် သင်သည် တယူသန် အတ္တသမား အဖြစ်သို့ တခဏချင်း စွဲချက်တင်ခံရပေလိမ့်မည်။

ငွေကြေး မနည်းစွာ ကိုသာ ရှေ့တန်းတင် ဆက်ဆံတတ်သော လူ့အသိုက်အဝန်းသို့ရောက် ခဲ့ပါမူ သင့်အကူအညီများကိုတန်ဖိုးတွက်ချက်၍ ဆက်ဆံမိခြင်းသည် သင်၏ လိုက်ဖက်သော အရည်အချင်းတရပ်သာ ဖြစ်ပေလိမ့်မည်။

အခွင့်သာ၍ သူမည်မျှထိ နားလည် တတ်ကျွမ်းကြောင်း သွယ်ဝိုက် ပြောပြ နေသည်ကို သည်းခံ၍ နားထောင်နေပါ။ မကြာမီ သူ၏ တင်ပြချက်များထဲမှ အမှားပေါင်း များစွာတို့သည် လူ့အလယ်သို့ တိုးဝှေ့ထွက်ပြူလာပေလိမ့်မည်။ ထိုအခါကျမှ သင်သည် ထိုသူ၏ အရည်အချင်းကို သတ်မှတ်ပါလေ။



ထိုအဆုံးအမများ ရှိခဲ့၍ ကျွန်တော်သည် ဆောင်ပုဒ်အနေဖြင့် ဖွဲ့ဆိုပြလိုပေသည်။ ယခု ကျွန်တော် ရေးသား ပြုစုအပ်သော ဂုတ္တိယ သဘောနှင့် ပုရိသ သဘောတရား များသည် ကျွန်တော့် အမြင်နှင့် တချို့မှာ ကျမ်း အကိုးအကား များသာ ဖြစ်ပါသည်။ မည်သူ့ကိုမှ စကားနိုင် မလုလိုပါ။ လေ့လာသူများ နှိုင်းယှဉ်၍ တွေးဆပြီး အမှန်ဖော်ထုတ်ခြင်းအားဖြင့် လောကအမြင်ကို တည့်မတ်ပေးစေလိုပါသည်။

ကျွန်တော်သည် ယောကျ်ား မိန်းမတို့ အကြောင်း မဖွဲ့ဆိုမီ အထောက်အကူပြု အကြောင်းတရားများကို ဦးစွာ တင်ပြလိုသည် ဖြစ်၍ ကျွန်တော့်တင်ပြချက်များသည် လေ့လာသူအဖို့ တန်ဖိုး ထားလောက်သည် ဆိုပါက ကျွန်တော်၏ စာပေပြုစုရ အကျိုးနပ်ပေသည်ဟု ဆိုလိုအပ်ပါသည်။

ဦးအောင်လွင်

www.burmeseclassic.com

www.burmeseclassic.com

## လောကီမင်္ဂလာ တစ်ဆယ့်နှစ်ဖြာ

၁။ ဂဗ္ဘဝါသမင်္ဂလာ
ပဋိသန္ဓေ တည်သည်မှ မဖွားမီအတွင်း သားသမီးတို့ အကျိုးအတွက် ပြုအပ်သော မင်္ဂလာ။

၂။ ဝိဇာယနမင်္ဂလာ
မွေးမြင်သောအခါ ပြုအပ်သော မင်္ဂလာ။

၃။ သီသောဒကမင်္ဂလာ
ဦးခေါင်းဆေးလျှော်ကင်ပွန်းတပ် မင်္ဂလာ။



၄။ ကေသစ္ဆေဒနမင်္ဂလာ
ဝမ်းတွင်း ဆံပင်ကို ပယ်သောအခါ ပြုအပ် သော မင်္ဂလာ၊ ရှင်သာမဏေပြုရာတွင် ဆံချသော မင်္ဂလာ။

၅။ ဒေါဠကရဏမင်္ဂလာ
ပုခက်တင် မင်္ဂလာ။

၆။ နာမကရဏမင်္ဂလာ
အနွတ္ထသညာအမည်မှည့်ခေါ်သောအခါ ပြုအပ်သည့် မင်္ဂလာ။

၇။ ဒုဿဂဟာမင်္ဂလာ
ပုဆိုး၊ အင်္ကျီ၊ အယက်တန်ဆာ ဝတ်ဆင်သောအခါ ပြုအပ်သည့် မင်္ဂလာ။

၈။ အာဟာရပရိဘောဂမင်္ဂလာ
ထမင်းခွံ့သောအခါ ပြုအပ်သော မင်္ဂလာ။

၉။ စူဠာကရဏမင်္ဂလာ
ဆံထုံးသောအခါ ပြုအပ်သော မင်္ဂလာ။

၁၀။ ကဏ္ဏဝိဇ္ဈနမင်္ဂလာ
နားထွင်းနားသမင်္ဂလာ။

၁၁။ ပဗ္ဗဇ္ဇမင်္ဂလာ
သာသနာအမွေ ခံယူသော ရှင်ပြုမင်္ဂလာ။

၁၂။ အာဝါဟ၊ ဝိဝါဟ မင်္ဂလာ
ထိမ်းမြားလက်ထပ်ခြင်းမင်္ဂလာ။

www.burmeseclassic.com

www.burmeseclassic.com



ထို အာဝါဟ၊ ဝိဝါဟမင်္ဂလာတွင်...

အာဝါဟ–သတို့သားရှိရာသို့ သတို့သမီးကို ဆောင်ယူ၍ အိမ်ထောင်ထူအပ်သော မင်္ဂလာ။

ဝိဝါဟ –သတို့သမီးရှိရာသို့ သတို့သားကို ဆောင်ယူ၍ အိမ်ထောင်ထူအပ်သောမင်္ဂလာဟူ၍ ခွဲခြားသိရန် လိုအပ်လှပေသည်။

## မင်္ဂလာအခမ်းအနား အချိန်အခါများ

ဆောင်ထာနေမွန်းတည့်
ငဆင့်သုံးချက်တီး
နေပြည်တက်ထွန်းခါ
နန္ဒာနေထွက်

၁။ တနင်္ဂနွေ သောကြာ– မွန်းတည့်ခါ၊ ဘယာ ဆေးမျိုးဆောင်။

၂။ တနင်းလာနှင့်အင်္ဂါတသီး– သုံးချက်တီး၊ ရန်မီးဆင်းလွတ်ရှောင်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကြာသပတေးတထူး ဗုဒ္ဓဟူး– နေလျှင် ထက်၊ မပျက်ဤလူ့ အောင်။

၄။ နေထွက်ခနဝင် စနေပင်– စောလျှင်ရန်မျိုးအောင်။

ကောတုဟာလမင်္ဂလာ – တခဲနက် အုတ်အုတ်
ကျက်ကျက်အောင်း
ချီး ပေးခြင်း။

ကောတုဟာလ၊ ဝေါဟာရဟု
မင်္ဂလာတစ်ဆယ်၊ နိဒါန်းသွယ်ဖိမ့်
အလွယ်မှတ်သား၊ မျိုးလေးပါ။

ဤအခမ်းအနား မင်္ဂလာများကို ပေဒင်ကျမ်း အလို အရလည်း လိုက်နာကျင့်သုံး ဆောင်ရွက်တတ်စေရန် ပေဒင်ဆရာတို့က ညွှန်ပြလျက်ရှိပေသည်။



ဒုစရိုက် (၁၀) ပါး

(၁) ကာယကံ (၃)ပါး
(၂) ဝစီကံ (၄)ပါး
(၃) မနောကံ (၃)ပါး

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက် (၁၀) ပါး

(၁) သူ၏အသက်ကို သတ်ခြင်း။
(၂) သူ၏ ဥစ္စာကို ခိုးယူခြင်း။
(၃) သူ၏ သားမယားအား ပြစ်မှားခြင်း။

အထက်ပါ(၃)ပါးသည် ကာယကံများ ဖြစ်ပေသည်။

(၄) မုသား ပြောဆိုခြင်း။
(၅) ကုန်းချောခြင်း။
(၆) ကြမ်းတမ်းသောစကားကို ဆိုခြင်း။
(၇) သိမ်ဖျင်းသောစကားကို ဆိုခြင်း။

အထက်ပါ(၄)ပါးသည် ဝစီကံ(၄)ပါး ဖြစ်ပေသည်။

(၈) သူတပါး၏ စည်းစိမ်ကို ရစိမ့်သောအလို့ငှာတောင့်တခြင်း။
(၉) သူတပါး အသက်ကို ပျက်စီးစေရန် တောင့်တခြင်း။
(၁၀) အမြင်မှား၊ အယူမှားခြင်း။

အထက်ပါ (၃)ပါးသည် မနောကံ (၃)ပါး ဖြစ်ပေသည်။

သုစရိုက် (၁၀) ပါး

(၁) ကာယကံ (၃) ပါး
(၂) ဝစီကံ (၄) ပါး
(၃) မနောကံ (၃) ပါး

www.burmeseclassic.com

www.burmeseclassic.com



## သုစရိုက် (၁၀)ပါး

(၁) သူတပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ခြင်း။
(၂) သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ခြင်း။
(၃) သူတပါး၏ သားမယားကို ပြစ်မှားခြင်းမှရှောင်ခြင်း။
(၄) မမှန်မဟုတ်ပြောခြင်းမှ ရှောင်ခြင်း၊ သို့မဟုတ် သူနှစ်ဦးကြား မဟုတ်မမှန်ပြောခြင်းမှ ရှောင်ခြင်း။
(၅) တပါးသူတို့ အကြား ကုန်းချော စကား ဆိုခြင်းမှ ရှောင်ခြင်း။
(၆) ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ခြင်း။
(၇) မဟုတ်မမှန်သော စကားအတင်း၊ စကားအဖျင်းတို့ကို ပြောဆိုခြင်းမှ ရှောင်ခြင်း။
(၈) သူတပါးဥစ္စာ ငါ့ဥစ္စာဖြစ်မူ ကောင်းလေစွဟုအောက်မေ့ခြင်းမှ ရှောင်ခြင်း။
(၉) သူတပါး အသက် သေဆုံး ပျက်စီးစေလိုမှု သို့မဟုတ် မည်သူမည်ဝါ ပျက်စီးသေဆုံးလေစွ ကောင်းလေခြင်းဟု အောက်မေ့ခြင်းမှ ရှောင်ရှားခြင်း။
(၁၀) ကောင်းသော ဉာဏ်အမြင်နှင့် ကောင်းသော အသိတရားကို ရယူခြင်း။

လောဘ ကြီးသူသည် ဒေါသ ကြီးတတ်၏။
ဒေါသ ကြီးသူသည် ရန်မီးကို တိုးပွားစေ၏။



လိုချင်တပ်မက်မှုသည်ဒေါသဖြစ်ပေသည်။ လောဘဟူသော လိုချင် တပ်မက်မှုတို့ ရရှိသာလေသောအခါ ဒေါသကိုကြီးပွားစေသည်ဖြစ်၏၊ လောဘကြီးသူတို့၏ စရိုက် လက္ခဏာများသည် တမျှမျှ ကြမ်းတမ်း ခက်ထန်လာမဲ့ရလေသည်။

လူ၏ စရိုက်လက္ခဏာကို အမှာတော်ရေး ဦးရှင်အလေး၏ လောကနီတိပျို့၌....

မယွင်းမှတ်လို ၊ ရေတိုတိမ်နက်
ကြာရိုးရှက်ဖြင့် ၊ ချင့်တွက်သိရာ
လူတို့မှာလည်း ၊ ဖြစ်ရာမှန်ဘိ
ဇာတိမြတ်ယုတ် ၊ မှန်အဟုတ်ကို
ကိုယ်နှုတ်အမူ ၊ ပြသည်ဟူ၏။

ဤသို့ဆိုခဲ့လေသည်။ စရိုက် လက္ခဏာကို သိလိုက ကိုယ်နှုတ်အမူအရာကိုသာ စောင့်ကြည့် အကဲခတ်ရုံနှင့် သိနိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ဒုစရိုက် ဟူသည်မှာ မကောင်းသော အမှုကို ဆိုလိုခြင်း ဖြစ်ပါ၍ ပါဠိအားဖြင့် (ဒုစရိတ)ဟု ဆိုပေသည်။

သုစရိုက် ဟူသည်မှာ ကောင်းသောအမှုကို ဆိုလိုခြင်းဖြစ်၍ ပါဠိအားဖြင့်(သုစရိတ)ဟု ဆိုပေသည်။ တနည်းအားဖြင့် (ဒု)သည် မကောင်းသောဟု အဓိပ္ပာယ်ရှိ၍ (သု)သည် ကောင်းသော ဟူသည့် အဓိပ္ပာယ်ရှိပြီး (စရိတ)သည် စရိုက် လက္ခဏာ (အကျင့်)ဟု အဓိပ္ပာယ်သက်ရောက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမဆိုတိုင်း အပြစ်မမြင်သင့်

မျှားသောအားဖြင့် ယောကျ်ားများသည် မိန်းမများကို အပြစ်ဆိုလေ့ရှိကြ၏။ မိန်းမများသည် အားနွဲ့သူဖြစ်၍ အားကိုးရှာခြင်း၊ အလှတွင်ခုံမင်၍အလှအပ နောက်သို့ လိုက်တတ်လေ့ရှိသဖြင့် ဆင်ခြင်တုံတရားများ ကင်းကွာမေ့လျော့ကာ ကျောခိုင်းတတ်သည်လည်း ရှိပါသည်။ နေကြောင့်ပင်ဖြစ်စေ၊ အလှအပ မက်မောမှုကြောင့်ဖြစ်စေ၊ ဂုဏ်သတင်း ကြီးလိုမှုကြောင့်ဖြစ်စေ၊ တပ်မက်မှုကို အကြောင်းပြု၍ မိမိ၏ ရုပ်ရည် အလှအပများဖြင့်သာ ယောကျ်ားသားများကို ကျူးသွင်း ဖမ်းယူတတ်ပေသည်။ ဤခေလတ်တို့ ကြီးထွား ရင့်မှည့်လာသည်နှင့် အမျ



မိန်းမတို့၏ အကျင့်စရိုက်များ ပျက်စီးလာတတ်သည် ဖြစ်လေသည်။

တချို့က ဆိုကြပြန်သည်—

မိန်းမတွေဟာ နွားခေါင်းသာ မပါယင် မစင်ကိုတောင် စားကြမှာအမှန်ပဲ။ ဤစကားမှာ တဘက်စွန်း ရောက်လွန်းသည်ဟု သုံးသပ်ချင်ပါသည်။ ယောကျ်ားများလည်းအတူတူဟု ဆိုပြချင်ပါသည်။

ယောကျ်ားများသည် မိန်းမများ၏ အလှတွင် ငပ်မင်၊ မိပါက လောင်မြိုက်နေသော မီးကျီတိုက်ထဲသို့ ခုန်ဆင်းခိုင်းက ခုန်ဆင်းမည်ဟု ညွှန်းဆိုလိုပါသည်။ တနည်း ဆိုရပါက မိန်းမများ၏ မာယာကြော့ကွင်းအတွင်း ငက်ဆင်း ခုံမင်မိသည်နှင့် စဉ်းစားဆင်ခြင် တွေးခေါ်တတ်သော ဦးနှောက်တို့လွင့်ပြယ်ကုန်လေပြီဟုဆိုက ရနိုင်ပေသည်။

မည်သို့ဆိုစေ....

ယောကျ်ား ဖြစ်စေ၊ မိန်းမ ဖြစ်စေ၊ အမှား သံသရာငယ်ကွေ့ပတ် လျှောက်လှမ်းနေကြသည်သာ ဖြစ်၏။ ရှုခိုင်နှုန်းအနည်းအများသာ ကွာခြားနိုင်ပေသည်။

ဤသို့ဆိုရုံမျှဖြင့်....

မိန်းမတိုင်းအား အပြစ် မဆိုသင့် ဟူသော အချက်ကို ထောက်ပြလိုပေသည်။ မိန်းမတွင်လည်း အမျိုးအစားအမျိုးမျိုး ရှိကြသလို ယောကျ်ားများ၌လည်း အဆင့်အတန်း အမျိုးမျိုး ရှိနေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေအကွာရာထက်ဝယ်စံတင်လောက်သော မိန်းမကောင်း မိန်းမမြတ်များသည် မိန်းမ ပရိသတ် တရပ်လုံးကို ကိုယ်စားပြုထားသည်ဟုလည်း ဆိုလိုချင်ပါသည်။ ဤသို့ ဆိုလိုချင်သည်နှင့်အညီ မြန်မာ့စာပေ မိန်းမများကို အကျဉ်းချုံး၍ ရှင်းပြလိုပါသည်။

## အမရာဒေဝီ

မဟောသဓာပညာရှိသည် ဝိဒေဟရာဇ်မင်းကြီး၏ ပညာရှိအမတ်ကြီး ဖြစ်လေသည်။ အပ်ချုပ်သမားယောင် ဆောင်၍ ပဉ္စာလနိုင်ငံ လယ်သူကြီး၏သမီး အမရာကို ချစ်ဇနီးကြင်ယာအဖြစ် ဆောင်ယူခဲ့သူ ဖြစ်၏။

မဟောသဓာပညာရှိသည် မင်းနေပြည်တော်သို့ အပြန်လမ်းခုလတ်တွင် ရွာတရွာ၌ တည်းခို ရပ်နား ခဲ့ရ လေသည်။ မဟောသဓာသည် အမရာအား သစ္စာ ရှိ မရှိ စမ်းသပ်လို၍ အခြားရွာတရွာသို့ ပစ္စည်းဥစ္စာ ရှာလို၍ သွားလိုသည်ဟု ပြော ဆို ပြီး ထွက်သွား ခဲ့လေသည်။ ထို ညဥ့်အ ချိန် သို့ ရောက်သောအခါ မဟောသဓာသည် အမရာ မမှတ်မိနိုင်သည်အထိ ရုပ်ဖျက်၍ မင်းစိုးရာဇာ အယောင်ဆောင်ခဲ့၏။ မင်းစိုးရာဇာ အယောင်ဆောင် မဟောသဓာသည် အသပြာငွေထောင်ထုပ်ကိုပိုက်လျက် အမရာကို သွေးဆောင်ဖြားယောင်းခဲ့



လေသည်။ အမရာမှာ မဟောသဓာကို မှတ်မိခြင်း မရှိခဲ့ပေ။ အမရာသည် သွေးဆောင်ဖြားယောင်းလာသည့်ရှိသော် "အရှင်မရှိဆင်းရဲသူအတွက် ငွေဘထောင်သည် လွန်စွာ မက်မောစရာကောင်းလှပါသည်။ ယခုအခါ လင်ယောကျ်ားနှင့် ကင်းကွာနေရပါသော်လည်း ဆိတ်ကွယ်ရာ မရှိနိုင်၍ မကောင်းမှုကို မကျူးလွန်ဝံ့ပါ" ဟု ပြန်လည် ပြောဆိုယင်း မိန်းမကောင်း မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါကိုထိန်းသိမ်းခဲ့လေသည်။

## ကိန္နရီဒေဝီ

စန္ဒကိန္နရီဇာတ်တွင် ကိန္နရာဖိုကို ဗြဟ္မဒတ္တမင်းသည် အဆိပ်လူး မြားဖြင့် ပစ်ခွင်းပြီး ကိန္နရာမလေးကို မိဖုရားအရာသို့ ချီးမြှောက်မည်ဟု အတင်းအကျပ် ပူလုပ်လာခဲ့လေသည်။ ထိုအခါ လင်၏ကျေးဇူးသစ္စာကို စောင့်သိသောအားဖြင့် မိဖုရားအရာကို လက်မခံ ငြင်းပယ်ပြီး သစ္စာဆို၍ လင်၏ အသက်ကို ချမ်းသာရာ ရစေခဲ့သည်။

ယခုခေတ်အဆိုအရ ဂုဏ်ပကာသန စည်းစိမ်ဥစ္စာကို မမက်မောပဲ တချစ်တဘဝဖြင့် တသက်တာ မှတ်တမ်းကို သစ္စာဖြင့် အရှင်းအနှီးပြုခဲ့လေသော ဇနီးမယားကောင်းဟုသာ စံတင်ထိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မဒ္ဒီဒေဝီ

မဒ္ဒီမိဖုရားသည် ဝေဿန္တရာမင်းကြီးနှင့် လင့်ပါရမီကို ဖြည့်စွက် လက်ဆွဲ၍ ရွှေနန်းစည်းစိမ်ကို စွန့်ပယ်ပြီး ဝင်္ကပါ တောင်အရပ်သို့ လိုက်ပါလာခဲ့သူ ဖြစ်ပေသည်။ ဝေဿန္တရာမင်း၏ အလိုကို ဆန့်ကျင်၍ ရွှေနန်းစည်းစိမ်၌ နေရစ်ခဲ့လျှင်လည်း ဖြစ်နိုင်ပေသည်။ သို့မဟုတ်က ဝေဿန္တရာ၏စိတ်အလိုကို ညွတ်ပျောင်းလာသည်အထိ မိန်းမ မာယာဖြင့် ဖြား ယောင်း၍ စည်းစိမ်ယစ်ပလ္လင်ကိုဖက်တွယ်ထားပြီးဝေဿန္တရာမင်း၏အလိုကို ဆန့်ကျင်နိုင်စွမ်းရှိသူလည်း ဖြစ်ပေသည်။ သို့သော် လင်၏ အလိုကို လိုက်၍ တောတောင်ထဲ၌ အစာရှာ ကျွေးခြင်း၊ ရေမှု ရေချမ်း ကမ်းလှမ်းခြင်းတို့ဖြင့် မိမိဝတ္တရားကို မပျက်ပြားအောင် ပြုစုခဲ့ခြင်းဖြစ်ပေသည်။ သိကြားမင်းမှ အလှူခံ ပုဏ္ဏားယောင် ဆောင်၍ မဒ္ဒီမိဖုရားကို အလှူခံသောအခါ မလိုက်လိုသော်လည်း မိမိ၏စိတ်ဆင်းရဲမှုကို ကြိတ်မှိတ်ခံစားယင်း ဝေဿန္တရာမင်းကြီး၏အလိုကျ ကြည်ဖြူစွာ ပါရမီ ဖြည့်စွမ်း ကူညီခဲ့သည့် မိန်းမမြတ်ပင် ဖြစ်ခဲ့လေသည်။

## သမ္ဗုလဒေဝီ

သမ္ဗုလဒေဝီသည် လင်ဖြစ်သူကုဋ္ဌနူနာသည် သောတ္တိသေန မင်းကို စွန့်ပစ်ခြင်း မပြုပဲ မယား ဝတ္တရားနှင့်အညီ ဆိုးတူ ကောင်းဖက် ဆောင်ရွက်ခဲ့သူဖြစ်လေသည်။ ထို့အပြင် လင်၏



ကုဋ္ဌနူနာအား သမ္ဗုလဒေဝီမှ သစ္စာတရားကို တိုင်တည်၍ ယင်းသစ္စာရေဖြင့် လင်၏ဦးခေါင်းမှ လောင်းချ ကုသ ပေးခဲ့လေသည်။ မိန်းမကောင်း မိန်းမမြတ်တို့၏သစ္စာတည်မြဲသည်ဖြစ်၍ ရှင်ဘုရင်လည်း ကုဋ္ဌနူနာ ရောဂါမှ ချမ်းသာရ ရခဲ့ရလေသည်။

ဤသို့သော ဒေဝီ(၄)ပါးတို့သည် မိန်းမကောင်းမိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါကို တသက်တာပတ်လုံးသာမက လူသားဇမ္ဗူ တည်နေသရွေ့ ကမ္ပည်း မော်ကွန်း တင် ထား ခဲ့ ကြ သည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဂန္ထဝင်အလှများ

ဖာခနရခေတ် ကာလကို စစ် ကြော ကြည့် မည် ဆို ပါ က ယောကျ်ား မိန်းမတိုင်းသည် အလှတရားကို လိုလိုလားလား မက်မောကြသည်ကို တွေ့ရပေမည်။ အလှတရားဟု ဆိုရာ၌ အကျင့်သီလ၏အလှ၊ မနော အလှနှင့် ရုပ်ရည်ရူပကာ အလှများဟူ၍ အသီးသီး အသက အသက ခွဲခြားရမည် ဖြစ်၏။

အထူးသဖြင့် ယောကျ်ား၊ မိန်းမတိုင်းသည် တဦးကို တဦး ရုပ်ရည်လှပမှုကို ပထမဦးစားပေး၍ ရှုမြင်တတ်ကြ၏။ ရုပ်ရည် လှပမှု၊ ကိုယ်ကာယ လှပမှု၊ အဝတ်အစား တန်ဆာ လှပမှု၊ ခေတ်ဆန်မှုများကို ဦးစားပေး ရွေးချယ်တတ်ကြသည်။



ယောကျ်ားကလေးများအဖို့မူ မိန်းကလေးတဦးကို ရင်ဆိုင် တွေ့လိုက်ရသည်နှင့် ရုပ်ရည်အလှ၊ ကိုယ်ကာယအလှကို ဦးစွာ ဆန်းစစ် လက်ခံကြသည်ဖြစ်၏။ မိမိချစ်သူကို အများသူငါထက် လှစေချင်၏။ ကိုယ်ကာယအချိုးအစား ပြေပြစ်မှုကို လိုလား၏။ ထိုသက်ခံမှုတို့သည် ရာဂစိတ်တို့၏ ရှေးဦးစွာ တောင့်တချက်သာ ဖြစ်ပေသည်။ အကျင့်စာရိတ္တအလှကိုမူ မေ့လျော့နေသလို ရှိနေ ခဲ့ကြလေသည်။

တကယ်ဆိုပါမူ ဖို မ အိမ်ထောင်ရေး၏ တည်မြဲ ကြံ့ခိုင် တာရှည်မှုတို့သည် တဦးပေါ်တဦး ချစ်ခင်ကြင်နာမှု၊ စာရိတ္တ ဖြောင့်မတ် မှန်ကန်မှု၊ သစ္စာတရား တည်မြဲမှု တို့သာ အဓိက ဖြစ်နေပေသည်။

ယောကျ်ားကလေးများ၊ တနည်းဆိုရသော် ဖိုသတ္တဝါများ သည် အလှတွင် တပ်မက်မှု၊ အညှ၊ အတာ၊ အခရာ၌ စွဲလမ်း နှစ်ခြိုက်လိုမှုတို့ကြောင့် မသတ္တဝါများသည် မိမိတို့ ကိုယ်ကို အလှအပများ မွမ်းမံ ခြယ်သ ဖုံးကွယ်မှုကို တိုးတက်ပြုလုပ်လာ ကြရ၏။ ကိုယ်နေအချိုးအစားကို ပြုပြင်လာတတ်ကြ၏။ ကိုယ် နေ အချိုးအစား မပြည့်စုံသူများကလည်း မိမိတို့ကိုယ်ကို အတု အယောင် ပစ္စည်းများ ခုခံ ဖုံးကွယ်၍ ယောကျ်ား ဖိုသတ္တဝါ များ၏ စိတ်စွမ်းအင်ကို ဆွဲဆောင်တတ်ကြလေသည်။ ဤသို့ ဆိုပါက ဖိုနှင့် မ တို့တွင် မည်သူသည် အလှတွင် မက်မော၍ မည်သူသည် တရားခံဖြစ်မည်နည်း။

မ ဟူသော သတ္တဝါသည် ပင်ကိုသဘာဝ အနေအထား အပင် တပါးသူထက် လှပလိုကြ၏။ အလှတရားကို ခုံမင်ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ထင်ပေါ်ကျော်ကြားမှုကို လိုလားကြပေသည်။ ဤကဲ့သို့သော မိုးခါးရေသောက်၍ ရွာဖုံး စိတ်ခံနေသဘောထားများ ရှိနေသည် ဖြစ်၍ ဖိုသတ္တဝါတို့က အလှအပကို ဦးစားပေး ရွေးချယ်တတ်ကြလေ့ရှိသောအခါ မသတ္တဝါတို့သည် မိမိတို့၏ အလှအပများကို ဖိုသတ္တဝါများစွဲမက်သာသည်အထိ တိုးတက်၍ ပြုပြင်ပြောင်းလဲခဲ့ကြသည်ဖြစ်ပေသည်။

ဆိုလိုသည်မှာ မသတ္တဝါများသည် ရောင်းကုန်ပစ္စည်းဟု ဆိုပါစို့။ ယင်း ရောင်းကုန် ပစ္စည်းများကို ဝယ်ယူလိုအား တိုးတက် ဖြစ်ပေါ်စေရန်အတွက် အပြုအပြင် အမွမ်းအမံများဖြင့် ခြယ်သခဲ့ခြင်းဖြစ်ပေသည်။ သို့မှသာလျှင် မသတ္တဝါသည် ဖိုသတ္တဝါအတွက် လိုလားရယူလိုမှုကို ဖန်တီးချယ်လှယ်နိုင်သည် ဖြစ်ပေသည်။ ဤသည်တို့နှင့်အတူ မသတ္တဝါသည် မိမိဘဝ ချမ်းမြေ့ သာယာရေးအတွက် စိတ်အချရဆုံး ဖိုသတ္တဝါကို အဆင့်အတန်းမြင့်မြင့် ရွေးချယ် အိမ်ထောင်ဖက် ထူနိုင်မည် ဖြစ်၏။

သို့ဆိုပါက အလှအပကို မက်မောမှုတို့တွင် ဖို မ နှစ်ဦးစလုံး၌ အသီးသီး တာဝန်ရှိသည်ဟု ဆိုရပေမည်။ သို့သော် အလှအပ မက်မောမှု၊ ဂုဏ်ပကာသန ရွေးချယ်မှုတို့တွင် မသတ္တဝါသည် ဖိုသတ္တဝါထက် ပိုကဲသည်ဟု ဆိုနိုင်ပါသည်။ ဤသို့ ပိုကဲခြင်း ပင်လျှင် မသတ္တဝါသည် မိမိဘဝ ချမ်းမြေ့ သာယာစေရေး အတွက် အခြေခံ စိတ်နေသဘောထားကို သဘာဝတရားအရ တည်ဆောက်ကြခြင်းဟု မှတ်ယူရပေမည်။



မည်သို့သောအကြောင်းဘာရားတို့ ရှိသည်ဖြစ်စေ ဖိုမသတ္တဝါများသည်ယခုထိတိုင် အလှအပများနောက် တကောက်ကောက် လိုက်မဆုံးနိုင်အောင် ရှိနေခဲ့ကြရသည်ဖြစ်သည်ကို လေ့လာသိရှိနိုင်၏။ ဤသို့အလှအပများကို အစဉ်တစိုက် လိုက်စားနေကြသည်မှာ နိယာမတခုလို့ဖြစ်၍ ကမ္ဘာဆုံးတိုင် တည်မြဲနေမည် ဖြစ်ပါသည်။

အလှအပဟုဆိုရာ၌ အချို့သည် မြန်မာ့ဂန္ထဝင်အလှများကို မေ့လျော့၍ ပေါင်းစုနေသော အပူအလောင် ရောယှက်သည့် အနောက်တိုင်းအလှများကိုသာ မက်မောတတ်ကြသည်။

ဆိုပါစို့။ ယခုနေ ဘယ်နေရာကိုကြည့်ကြည့် ဒစ္စကိုဆိုသော စကားသည် ရေပန်းစားလှသည်။ ဒစ္စကိုတီးလုံးများသည် စိတ်အာရုံကိုနှိုးဆွရာ၌ အပူအပင်ကို ပေးကူသည်သာဖြစ်၏။ သေးကို ကြွစေသည်မှာလည်း အမှန်ပင် ဖြစ်သည်။ အမှန်တော့ ဒစ္စကို တီးလုံးသည် အာဖရိကတောတွင်းသားများ၏ လူရိုင်းဗုံသံကို အမှီပြု၍ ဆန်းသစ်ထားသော တီးလုံးများသာ ဖြစ်ပါသည်။ ဒစ္စကို ကို မက်မောသူတို့သည် လူရိုင်း တောတွင်းသားတို့၏ စိတ်နေသဘောထားများကို လက်ခံသူများအဖြစ်သို့ ရောက်ရှိသွားပေတော့သည်။ သို့ဆိုပါက ဆင်ခြင်တုံတရားကင်းမဲ့သော အဖြစ်သို့ ရောက်ရှိနိုင်သည်ဖြစ်၏။

တကယ် ဆိုပါမူ မြန်မာတို့သည် မြန်မာ့ယဉ်ကျေးမှုနှင့် ဆက်နွယ်နေသော အနုအလှများကိုသာ လက်ခံသင့်သည် ဆင်ပါသည်။ ကောင်းမြတ်သော ယဉ်ကျေးမှု အမွေများကိုသာ

www.burmeseclassic.com

www.burmeseclassic.com



လက်ခံ ရောယှက်နိုင်ခွင့် ရှိပါသည်။ ဆန်းသစ်တီထွင်မှု ပြုနိုင်ပါသည်။

ယခုနေခေတ် ဤသို့မဟုတ်ပါပေ။ ရုပ်ရှင်၊ဂီတ၊စာပေစသည့် အရှိန်အဟုန် ကြီးမားသော အနုပညာသည်တို့သည် အလှအပများကို အတုခိုးလှယ်လွန်းလှ၏။ မြန်မာမှုနှင့် ထိုက်သင့်မသင့်ကို အောဖယ်ထားတတ်ကြ၏။

ထို့ကြောင့်လည်း ဖိုမ သတ္တဝါတို့သည် မြန်မာမှုထက် အခြားနိုင်ငံတို့မှ အလှအပများကို တင်စားလွန်းလှသည်ဟု ဆင်ခြင်မိပါသည်။ တဘက်သို့ တင်စားမှု လွန်ကဲခဲ့ရလေသဖြင့် မြန်မာ့ အလှအပ များ သည် မှေးမှိန်လာခဲ့ကြရ၏။ မြန်မာ့ ဂန္တဝင်အလှများပင် မရှိတော့သလို ဖြစ်နေရပေသည်။ မြန်မာ့ ဂန္တဝင်အလှများကို အတောအတန်လေ့လာမှုရှိသူတို့သာ ဂရုပြုမိနိုင်ခဲ့ကြရ၏။

ကုတ္တိရုပ်မန်ဟု ဆိုပြခဲ့လေသဖြင့် မိန်းမတို့၏ တန်ဖိုးမဆုံးရှုံးသော ဓနဉစ္စာများသည် အလှအပသာ ဖြစ်သည်ဟု ဆိုမိန့်ခဲ့ကြလေသည်။မြန်မာတွင်မက ကမ္ဘာ့စာစောင် ကျမ်းဂန်အသီးသီးတို့တွင် မိန်းမတို့၏ အလှများကိုသာ တင်စား စပ်ဆိုခဲ့ကြောင်း တွေ့ရပေသည်။ သို့ကြောင့်လည်း ဖိုသတ္တဝါ လောကတွင် မိန်းမတို့၏ အလှများသည် ထိပ်တန်း ဦးစားပေးခြင်းကို ခံခဲ့ရသည်ဖြစ်ပေသည်။

ယခု နေ့ကမ္ဘာ့အလှများကို ဝေဖန်ကြည့်မည် ဆိုပါက—



အီဂျစ်ပြည်မှကလီယိုပက်ထရာ။ ။ရောမ သူရဲကောင်း စစ်သူကြီး အန်နီ ထော် နီကို မိမိ အလှဖြင့် ညှုတ်ကွင်း မာယာအတွင်း သက်ဆင်းစေ၍ အရှုံးအမူး ဖြစ်စေခဲ့နိုင်သည့်ထိ ကမ္ဘာကျော်ခဲ့သော အလှရှင်ဖြစ်ခဲ့ပေသည်။

ထရိုင်မြို့မှဟယ်လင်မင်းသမီး။ ။ဟယ်လင် မင်းသမီး၏အလှသည် ယောကျ်ား ရင့်မကြီး စစ်သားကြီးများကိုသို့ခေတ်ဆွဲဆောင်အားဖြင့်အနိုင်ယူခဲ့နိုင်သူဖြစ်၏။ လူကြမ်းစိတ်ကြမ်း တိုက်ပွဲ ရေ့ဆောင် စစ်သားကြီးများသည် ဟယ်လင် မင်းသမီးနှင့် တွေ့ဆာအခါ အရှင့်အလိုကျ လိုက်နာကြရသော ခြေသုံ့ကြီးများအဖြစ်သို့ ပြောင်းလဲသွားခဲ့လေသည်။ ထို့ကြောင့်လည်း ကမ္ဘာတွင် စာထင် ထားလောက်သော အလှပိုင်ရှင်အဖြစ် ကျော်စောဂုဏ်သတင်း ကြီးမြင့်ခဲ့ရသူ ဖြစ်ရလေသည်။

ပြင်သစ်ပြည် ပါရီမြို့မှဗီးနပ်(စ်)အလှမယ်။ ။သက်ရှိထင်ရှားသော လူ မိန်းမ မဟုတ်ပေ။ ပန်းပုပညာရှင် တစ်ဦး၏ ကျောက်ဆစ် ရုပ်တုသာ ဖြစ်ပါသည်။ မြင်တွေ့ရသူ လူအပေါင်းအား နှစ်သက် စွဲမက်တတမ်းသသ ရှိစေသော အလှတခု ဖြစ်ပါသည်။ လူတိုင်းက ကျောက်ဆစ်ရုပ်တုအလှမယ်အား စွဲမက်ကြသော်လည်း ပညာရှင် ပန်းပုဆရာ၏ ပညာစွမ်းကိုမူ ချီ မွမ်းတင်စားရန် မေ့နေခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေ မိန်းမအနွယ်ဖြစ်သော ကျောက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com



အလှမယ်သည် မသတ္တဝါ တို့၏ ပတ်ဝန်းကျင်ကို ဂုဏ်ပြုစေလောက်သည့် ကမ္ဘာ့ကျော် အလှစာရင်းဝင် ဖြစ်ခဲ့ရလေသည်။

ပြင်သစ်ပြည်မှ မိုနာလီဇာအလှမယ်။ ။ကမ္ဘာကျော် အလှမယ် ပန်းချီ ကားချပ်ဖြစ်ပါသည်။ အသက်ဝင်၍ တစိမ့်စိမ့် ရှုမဝသော အလှမယ်ဖြစ်ပေသည်။ ယင်းပန်းချီကားချပ်ပါ အလှမယ်၏ ပြုံးအလှသည် မြင်တွေ့ရသူတိုင်းအား ဖမ်းစားနိုင်သည်ထိ အသက်ဝင်လှ၏။ တန်ဖိုးထား လေးစားအပ်သော အလှမျိုးဖြစ်လေသည်။ ပန်းချီပညာရှင်သည် အလှဘရားကို ခက်ခဲနက်နဲစွာ မွေးထုတ်ပေးနိုင်သူဖြစ်၏။ မသတ္တဝါလောက ပတ်ဝန်းကျင်တခုလုံးပင် ကျော်လွှားနိုင်သော အလှမယ်ကားချပ်ဖြစ်၏။ ပန်းချီကားချပ်အား လေ့လာကြည့်ရှုနေသူများ၊ အနုပညာရှင်များ၊ ကမ္ဘာ့လှသူများ၊ သုတေသီများ၊ ပညာရှင် ဂုဏ်ထူးရှင်များ အစဉ်မပြတ် လေ့လာနေကြရဆဲဖြစ်သည့် ကမ္ဘာ့ကျော်အလှမယ် ဖြစ်လေသည်။ ဤသို့သော ကမ္ဘာ့ကျော် အလှများသည် မသတ္တဝါတို့အား ဂုဏ်အရောင် တင်ပေးနိုင်စွမ်းရှိသည့် မသတ္တဝါ ကိုယ်စားပြု ဂန္ထဝင်အလှများ ဖြစ်ပေသည်။ အလှအပ အရာတွင် မိန်းမများသည် ယောက်ျားများထက် အင်အား အဆ အရာအထောင်မက သာလွန်ပိုကဲကြောင်း သက်သေပြုနိုင်လောက်သည့် သာဓကများ ဖြစ်ပါသည်။

ကမ္ဘာ့ကျော်အလှများရှိသကဲ့သို့ မြန်မာ့ဂန္ထဝင် အလှများ ရှိကုန်လေ သလောဟု မထင်ထိုက်ပေ။ မြန်မာ့ စာပေသည်



အမွှာ့စာပေကို အင်အား အလုံးအရင်းဖြင့် မထိုးဖောက်နိုင်သေး၍သာ မြန်မာ့ ဂန္ထဝင် အလှများသည် ကမ္ဘာက သိသူနည်းပါးရခြင်း ဖြစ်လေသည်။ သို့ဆိုလိုသည်နှင့် အညီ မြန်မာ့ဂန္ထဝင်အလှများကို နှိုင်းယှဉ် လေ့လာနိုင်ရန် ဆက်လက်တင်ပြလိုပေသည်။ အမွှာပေါ်တွင် စာတင်လောက်သည့် ဂန္ထဝင်အလှများရှိသကဲ့သို့ မြန်မာ့ ရာဇဝင်နှင့် သမိုင်း မှတ်တမ်းများ၌လည်း စာတင်လောက်သည့် အလှများသည် စာတတန် ပေတဖွဲ့ဖြင့် ရေးစပ် မှတ်တမ်းတင် ထားခဲ့သည်ကို တွေ့ရလေသည်။ ၎င်းတို့ကို အကျဉ်းချုံး တင်ပြရမည် ဆိုပါက—

| | | |
|---|---|---|
| စာဆိုရှင် ရှင်မဟာရဋ္ဌသာရ၏ | | ဝဏ္ဏပဘာ၏ အလှ |
| ရှင်အဂ္ဂသမာဓိ | ၏ | ဘုံခန်းသူဘရုဏီ အလှ |
| ရှင်တေဇောသာရ | ၏ | ရခိုင် မင်းသမီး အလှ |
| နဝဒေး | ၏ | ရှင် နှောင်း အလှ |
| နတ်သျှင်နောင် | ၏ | ရာဇ ဓာတုကလျာ အလှ |

၎င်းအပြင် သိဝိဘုရင်ကို အရူးအမူး ဖြစ်စေခဲ့သော ဥမ္မာဒန္တီအလှနှင့် မင်းကုသ၏ အချစ်ထူး ပုရစ်ဖူးလေး ဖြစ်သော ပပဝတီ၏ အလှသည် ခုနစ်ဆောင် တိုက်ခန်းကို မီးမထွန်းဘဲ လင်းစေနိုင်သည်ဟု တင်စားခဲ့ခြင်းများ ရှိခဲ့ဖူးပါသည်။ ထို့ကြောင့် အစတော့ ပိုလွန်းသည်ဟု ဆိုချင် ဆိုကြပေလိမ့်မည်။ အဆောင်

www.burmeseclassic.com

www.burmeseclassic.com



ခန်းမ အမှောင်တွင်း၌ ရှိနေလေသော ပပ၀တီ၏ အလှသည် အလင်းရောင်မီး မကူပဲ ၎င်း၏အလှကို ရှာဖွေ တွေ့ရှိနိုင်စွမ်း ရှိသည့် အလှရှင်တဦးဖြစ်ကြောင်းကို ရည်ညွှန်း ဖွဲ့ဆိုထားခြင်း သာ ဖြစ်မည်ဟု ယူဆမိပါသည်။

မြန်မာ့သမိုင်း မှတ်ကျောက်များတွင် ဤသို့သော အလှရှင် များ လွှမ်းမိုးထား သကဲ့သို့ ယနေ့ သက်ရှိထင်ရှား ခေတ်ထိ တိုင်အောင် အမှီသဟဲ ပြုနေရသော ကာလိဒါသ စာဆိုရှင် ပညာရှိ၏ အလှဘွဲ့များ၊ စီတင်ထားအပ်သည့် အလှ မှတ်တမ်း များသည် ယင်းခေတ်က တည်ရှိခဲ့လေသော အလှမယ်များ၏ ခေတ်ကို ကိုယ်စားပြုခဲ့သည့် မှတ်တမ်းများသာ ဖြစ်ပေတော့ သည်။ ခေတ်တခေတ်၏အလှကို စာပေ အက္ခရာထက် ၌သာ ရှာဖွေတွေ့ရှိနိုင်သည်ကို သတိပြုသင့်ပေသည်။

ကာလိဒါသပညာရှိသည် မိန်းမကျမ်းကြေသူ၊ မိန်းမများကို အသေးစိတ် ခလှလာ မှတ်တမ်း တင်ခဲ့သူ၊ အလှတရားများကို စံချိန်စံညွှန်းထားခဲ့သူသာ ဖြစ်၏။ ဤသို့ စာတတန် ပေတဖွဲ့ မှတ်တမ်းတင်ရစ်လေအောင်လည်း ကာလိဒါသ သက်ရှိထင်ရှား ရှိခဲ့သော ခေတ်ကာလသည် အလှမယ်တို့ ပြည့်နှက်ခဲ့သည့်ခေတ် ဟု ယူဆရပေမည်။ စာပေပညာရှိများသည် သူတို့ ကျင်လည် လက်လှမ်းမီရာ ပတ်ဝန်းကျင်ကို ကမ္ဗည်းမော်ကွန်းတင်ထားကြ သူများဟု မှတ်ယူရမည်ဖြစ်၏။

မည်သို့ရှိစေကာမူ ကာလိဒါသ၏အလှတရား ခွဲခြားထင်ဟပ် မှုများကို ယနေ့တိုင် ခေတ်လူငယ်တို့ မှီခိုနေကြရဆဲ ဖြစ်သည်ကို



ဝန်ခံရပေမည်။ ကာလိဒါသ၏ သျှုတ္တရ သကုန္တလီ အလှသည် ယနေ့တိုင် မရှိနိုင်သော ဂန္ဓဝင်အလှများ ဖြစ်နေပေသည်။

သို့ကြောင့်လည်း ကမ္ဘာကျော် ဂန္ထဝင်အလှများ ရှိသကဲ့သို့ မြန်မာ့ ဂန္ထဝင် အလှများသည်လည်း တန်ဖိုး မြင့်မားစွာဖြင့် မသတ္တဝါအပေါင်းကို ဂုဏ်ပြုလျက် ရှိနေကြောင်း ထင်ရှားလှ ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမမာယာ လေးဆယ်

မိန်းမတို့မှာ　　မမှတာဖြင့်
အဍ္ဎ္ဍ:စာရ　　စာရိတ္တတည့်
ပုရိသအသွင်　　မိမိလင်နှင့်
ပြုင်ပတခြား　　ယောကျ်ားတွေ့တာ
ကိလေသာ၏　　ခြင်းရာပြယာယ်
စနစ်သွယ်သို့　　စမွယ်ယုယာ
ကျင်းပဟန်မူ　　အမူကိုယ်လုံး
မြင်သူနှန်းမျှ　　ချီပြုံးရှင်ပျ
ချီမျက်စနှင့်　　သိအရယ်ငို



ကိုယ်ကိုညွတ်ခြင်း　　ခံတွင်းဟာဖွင့်
သံလွင်ဟာစ်အောင်　　သွားဖော်လျှာထုတ်
ခြေချုပ်ခြေလက်　　လျှို့ဝှက်အပ်ရာ
ကိုယ်အင်္ဂါကို　　လှစ်ထာပြဆောင်
ရှက်ယောင်မဲ့ရှိ　　မူနွဲ့ရှဲ့လျက်
ကဲ့ရဲ့ချီးမွမ်း　　နှုတ်ခမ်းကိုက်ငုံ
ခြုံရုံဖွင့်ဖုံး　　ဆံထုံးဖြေလွှတ်
ကိုယ်ဝတ်ချွတ်ပြင်　　တွင်းဝင်ပြင်ထွက်
အောင်ထက်သက်ဆင်း　　ကြည့်ခြင်းတူရှု
စောင်းစူမျက်ငြိုး　　စိတ်ဆိုးဟန်လုပ်
ခါးကိုလှုပ်နှင့်　　နမ်းရှုပ်ချီချ
ဤသို့စသား　　မိန်းမမာယာ
ကျမ်းဦလာသား　　သိင်္ဂါရသ
သဒ္ဒာဂ၏　　ဖလနုဘော်
လေးဆယ်ကျော်ဖြင့်　　သွေးခေါ်မတည်
လော်လည်မပြတ်　　လိုမပြတ်ပဲ
လှည့်ပတ်ကိုစွ　　ပြုတတ်ကြ၏။

(မာဃဒေဝ)

www.burmeseclassic.com

www.burmeseclassic.com



## မာယာ လေးဆယ် အကျယ်

(၁) ချီချီပြုံးပြုံး နေတတ်ခြင်း။
(၂) ရှင်ရှင်ပျပျရှိနေခြင်း။
(၃) မျက်လုံးမျက်စချီပင့်၍ လုပ်ပြတတ်ခြင်း။
(၄) မျက်ခုံးမျက်စ လှုပ်ပြခြင်း။
(၅) သီချင်းတစာစာ သီဆိုခြင်း။
(၆) ကခုန်မြူးဆွပြခြင်း။
(၇) အကြောင်းမရှိ အကြောင်းရှာ၍ ရယ်ပြခြင်း။
(၈) အကြောင်းတစုံတခုရှာကြံ၍ ရယ်ရွှင်ဖွယ် ပြုလုပ်ခြင်း။
(၉) ကိုယ်ကို ညွတ်ကိုင်းပြခြင်း။
(၁၀) ပါးစပ်ကိုဖွင့်လှစ်ပြတတ်ခြင်း။
(၁၁) အသံများပြု၍ အချက်ပြတတ်ခြင်း။
(၁၂) အော်ဟစ်၍ ပြတတ်ခြင်း။
(၁၃) မိမိ၏သွားများကို ဖော်ပြတတ်ခြင်း။
(၁၄) လျှာကို ထုတ်ပြတတ်ခြင်း။
(၁၅) ခြေကို ကုတ်လိမ်၍ ပြတတ်ခြင်း။
(၁၆) လက်ကို ကုတ်ခြစ်ကွေ့ကောက် ယှက်လိမ်ပြတတ်ခြင်း။
(၁၇) လျှို့ဝှက်အပ်ရာကို မသိသလိုလိုနှင့် မမြင့်တမြင်ရှိအောင် ဖော်ပြခြင်း။
(၁၈) ရှက်ခယောင်ဆောင်ပြခြင်း။
(၁၉) မဲ့၍ပြခြင်း။
(၂၀) ရွဲ၍ပြခြင်း။



(၂၁) မူနွဲ့နွဲ့လုပ်ပြခြင်း။
(၂၂) အရွဲ့တိုက်၍ လုပ်ပြတတ်ခြင်း။
(၂၃) ကဲ့ရဲ့ပြောဆိုဟန် လုပ်ပြတတ်ခြင်း။
(၂၄) ချီးမွမ်း ပြောဆိုတတ်ခြင်း။
(၂၅) နှုတ်ခမ်းကိုကိုက်၍ အမူအရာလုပ်ပြတတ်ခြင်း။
(၂၆) နှုတ်ခမ်းကို ငုံ၍ အလိုမကျ ပြုလုပ်ပြတတ်ခြင်း။
(၂၇) ကိုယ်ရုံများကို ဖွင့်ဟ၍ မသိသလို လုပ်ပြတတ်ခြင်း။
(၂၈) ဆံပင်များကို ထုံးလိုက်ဖြေချလိုက် ပြုလုပ် ပြတတ်ခြင်း။
(၂၉) ကိုယ်ဝတ်တန်ဆာကို မကြာခဏ ပြင်ဝတ်ပြတတ်ခြင်း။
(၃၀) အိမ်တွင်း၊ အခန်းတွင်းနှင့်အပြင်ကို မကြာခဏဝင်ထွက် ပြတတ်ခြင်း။
(၃၁) အိမ်အမြင့်သို့ တက်အောက် သက်ဆင်းခြင်း ပြုလုပ် ပြတတ်ခြင်း။
(၃၂) အလိုရှိသူကို တည့်တည့်မတ်မတ် စူးစိုက်ကြည့်ခြင်း။
(၃၃) ငြူစူသောဟန်ပန် ပြုလုပ်ပြတတ်ခြင်း။
(၃၄) စောင်းချိတ်ပြောဆိုခြင်း၊ ကိုယ်တစောင်းလှည့်ပြခြင်း။
(၃၅) မျက်မှောင်ကုပ်၍ စိတ်ဝင်စားမှုကို ပြဆိုခြင်း။
(၃၆) သနားစဖွယ် ညှိုးငယ်သောအမူအရာ လုပ်ပြခြင်း။
(၃၇) စိတ်ဆိုးသည့်သဏ္ဌာန်လုပ်ပြတတ်ခြင်း။
(၃၈) စိတ်ဝင်စားဖွယ် ခါးတင် လှုပ်ပြတတ်ခြင်း။
(၃၉) အသိအကျွမ်းဆက်သွယ်မှုဖြင့် နှုတ်ခမ်း လှုပ်ပြခြင်း။
(၄၀) ကလေးငယ်များကို နမ်းရှုပ်၍ ရွှင်မြူး စိတ်ဝင်စားဖွယ် ဖြစ်အောင် ဖန်တီးပြတတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့မှာ မိန်းမမာယာလေးဆယ်ဟု ပညာရှိတို့ မိန့်ဆိုခဲ့ခြင်းဖြစ်ပေသည်။ ပညာရှိများအဆိုအရ မိန်းမတို့၏ သဘာဝသည် အတွင်းကောက်ပြီး မကောင်းသော အကျင့် အကြံတို့ မွန်းခြယ်လျက် ရှိသည်ဟု ဆိုထားခဲ့လေသည်။

အိမ်ထောင်ရှင်မိန်းမများပင်လျှင် မိမိလင်ယောကျ်ားမဟုတ်သော အခြား ပိုသတ္တဝါနှင့် အခွင့်သာ၍ ကြုံဆုံပါက မိန်းမမာယာလေးဆယ် တည်းဟူသော အတတ်တို့ဖြင့် သွေးဆောင်ဖောက်ပြားတတ်သည် ဟု ဆိုထားပေသည်။

တနည်းဆိုရသော် မိန်းမတို့သည် မိမိတကိုယ်လုံးကို လှပချောမောနေအောင် ပြင်ဆင် မွမ်းမံ၍ ယောကျ်ားပိုသတ္တဝါ၏ စိတ်ကို ညှို့ယူဖမ်းစားပြီးနောက် ယောကျ်ားပိုသတ္တဝါမှ စတင်လှုပ်ရှားလာစေရန် နည်းပညာပရိယာယ်လေးဆယ်ကို ပိုင်နိုင်စွာ အသုံးပြုတတ်ကြသည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။

မည်သို့ပင်ရှိစေကာမူ ပိုသတ္တဝါများသည် ပုထုဇဉ်သဘော သက်ဝင်နေရသည့်တိုင် မာယာလေးဆယ်ကို သတိထား ရှောင်ရှားခြင်းဖြင့် မိန်းမယုတ်နှင့်တွဲဖက်သောအကျင့်ပျက်သူ၊ယုတ်ညံ့သူ ယောကျ်ားမျိုး မဖြစ်အောင် သတိထားခြင်းဆင်ဖို့ လိုအပ်လှပေသည်။

## မိန်းမတို့၌ မရှိအပ်သော အပြစ်(၆)မျိုး

(၁) အလွန်အရပ်မြင့်ခြင်း။

(၂) အလွန်အရပ်ပုခြင်း။

(၃) အလွန်အကျုံဆူဖြိုးဝလွန်ခြင်း။

(၄) အလွန်ပိန်ချုံးခြင်း။

(၅) အလွန်အသားဖြူခြင်း။

(၆) အလွန်အသားမည်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၁) အလွန်အရပ်မြင့်သောမိန်းမသည် သာမန်ယောကျ်ားများအတွက် လိုက်ဖက်မှုမရှိပဲ ယောကျ်ားသားများ၏ ရှောင်ကြဉ်ခြင်း၊ မျက်ကွယ်ပြုခြင်းကို ခံရတတ်လေသည်။

(၂) အလွန်အရပ်ပုလွန်းကလည်း လူစဥ်မမီသောမိန်းမမျိုးဖြစ်သည်ဟူ၍ ယောကျ်ားတို့၏ မျက်ကွယ်ပြုခြင်းကို ခံရတတ်၏။ အရပ်ရှည်သောယောကျ်ားများနှင့် အိမ်ထောင်ပြုရသည့်တိုင် မောင်တာထမ်းမယ်တရွက်ဝန်မျိုးကို မဆောင်ရွက်နိုင်ခြင်း၊ ယောကျ်ားနှင့် လိုက်ဖက်သော အိမ်ရှင်မမျိုး မဖြစ်နိုင်ပေ။ အရပ်ပုလွန်းကအများသူငါ၏ လေးစားမှုကိုလည်း မရရှိနိုင်ပေ။

(၃) အလွန် ဆူဖြိုး ဝလွန်းခြင်းသည် ယောကျ်ား တ ဦးအတွက် စိတ်တိုင်းကျ အိမ်ထောင်ရှင်မျိုးမဖြစ်နိုင်ပေ။ အချို့ကဆိုလျှင် ဇနီးမယားက ဝလွန်းပြီး ယောကျ်ားဖြစ်သူက ပိန်ပိန်သေးသေးဖြစ်ပါက ရဝင်အိုးနှားဖားပျံကမ်နေသည်နှင့်တူသည်ဟုပင် ကျီစယ်တတ်ကြ၏။ ဝလွန်းသော မိန်းမသည် အပျိုဖြစ်ပါက အိမ်ထောင်ဖက် ရရန် လွန်စွာမှ ခဲယဥ်းတတ်လေသည်။

(၄) အလွန် ပိန်ချုံးသော မိန်းမသည်လည်း ယောကျ်ားတိုင်းက ရှောင်ကြဥ်တတ်ကြသည် ဖြစ်၏။ ထိုအမျိုးသမီးကို ရယူသော ယောကျ်ားသည် ဆေးဖိုးနှင့်ပင်ကျွန်ဖြစ်တတ်သည်ဟု အဆိုအစဲ့ရှိ၍ အိမ်ထောင်ပြုနိုင်ရန် အခွင့်အလမ်း အလွန် နည်းပါးလှလေသည်။



(၅) အလွန် အသားဖြူလွန်းခြင်းရှိသော မိန်းမများသည် ရုပ်ရည်ရူပကာ၏အလှအပကို ဖျက်ဆီးသလိုရှိတတ်၏။ မည်သို့ပင် မှန်နှံ့သာခြယ်သစေကာမူ အလှအပ မထင်ရှားနိုင်သောသူများဖြစ်ပေသည်။ အသားဖြူလွန်းက အသားအရေကြမ်းတမ်းခြင်း၊ ရောဂါဘယ ထူပြောခြင်းဟူသော အယူအဆများတချို့၌ ရှိကြလေသည်။ အနောက်နိုင်ငံသားများကမူ အသားဖြူလွန်းသူများအတွက် ဓာတုဗေဒဆေးတမျိုးနှင့် ရောစပ်ထားသော မြေဆီကိုလိမ်းကျံ၍ ပင်လယ်ရေချိုးခြင်း၊ နေပူလှန်းခြင်းများ ပြုကြ၏။ ထိုသို့သော မိန်းမမျိုးကို ယောကျ်ားတို့ သတိထား ရှောင်ကြဥ်သည် ဖြစ်၍ အိမ်ထောင်ဖက်ရရှိရန် ခက်ခဲလှပေသည်။

(၆) အလွန် အသားမည်းက မဟုရာဒေဝီ ဟု တချို့က ဆိုစမှတ်ပြုကြ၏။ အသားမည်းလွန်း၍ အဝတ်တန်ဆာ ဝတ်ဆင်ရာတွင် အလွန် ရွေးချယ်ကြရ၏။ အသားမည်းသူဖြစ်၍ ပင်ကိုအလှများကိုပင် ဖျက် ဆီး စေနိုင်၏။ ယောကျ်ားတိုင်းကလည်း လိုက်ဖတ်မှု မရှိ၍ အိမ်ထောင်ဖက် ရွေးချယ်ရန် မစဥ်းစားတတ်ကြပေ။ အသားမည်းလွန်း၍ အိမ်ထောင်ဖက်ရှာဖွေရန် အခက်အခဲတခု ဖြစ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မပေါင်းသင်းထိုက်သော မိန်းမ အမျိုးအစား

(၁) ရန်ဒေါသကြီး၍ ငြင်းခုံတတ်သော မိန်းမ။
(၂) ငြူစူစောင်းမြောင်း ပြောဆိုတတ်သော မိန်းမ။
(၃) မြင်မြင်သမျှကို တပ်မက်လေ့ရှိသော မိန်းမ။
(၄) များစွာသော စားသောက်ဖွယ်ရာများကို ချက်ပြုတ် စားတတ်လေ့ရှိသော မိန်းမ။
(၅) လင်ယောကျ်ား၏ စားဦး စားဖျားကို စားလေ့စားထရှိသော မိန်းမ။
(၆) သူတပါးအိမ်သို့ သွားလာလည်ပတ် နေထိုင်တတ်လေ့ရှိသော မိန်းမ။



မပေါင်းသင်းထိုက်သောမိန်းမဟူသည်မှာ ဇနီးမယားအဖြစ် ရွေးချယ် သတ်မှတ် မပေါင်းသင်းအပ်သူကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဤသို့သောမိန်းမမျိုးကို အိမ်ထောင်ရှင်အဖြစ် ရွေးချယ်မိပါက လင်ယောကျ်ားအတွက် အနီးကပ် ရန်သူကြီး အဖြစ်သို့ ရောက်ရှိတတ်ပြီး ဆူပူ ခိုက် ရန်ဖြစ်ပွား သော အိမ်ထောင်နှင့် တပါးသူအိမ်သို့ အလှည်အပတ် ကြီးမားသော မိန်းမကြောင့် ရန်မီးပွားတတ်လေသည်။ ထို့ပြင် ဇနီးမယား၏ ဖောက်ပြားလော်လည်မှုကို စိတ်ဆင်းရဲခြင်း များစွာဖြင့် ကြုံတွေ့ရတတ်လေသည်။

[illegible]သာနာရီ၊ ထိုမိန်းမကို။ ပုတ္တသတံပိ၊ သားတရားပင်မြင်ငြားသော်လည်း။ ပုမာ၊ ယောကျ်ားသည်။ စတ္တာ၊ စွန့်အပ်ရာ၏။

www.burmeseclassic.com

ဇနီးမယား (၇) မျိုး

(၁) သူသတ်သမားနှင့်တူသော မိန်းမ ဇနီးမယား။

(၂) ခိုးသူနှင့်တူသော မိန်းမ ဇနီးမယား။

(၃) အရှင်သခင်နှင့်တူသော မိန်းမ ဇနီးမယား။

(၄) အမိနှင့်တူသော မိန်းမ ဇနီးမယား။

(၅) နှမနှင့်တူသော ဇနီးမယား။

(၆) ကျွန်သဖွယ် ပြုစုတတ်သော ဇနီးမယား။

(၇) မိတ်ဆွေနှင့်တူသော ဇနီးမယား။





ဤ မိန်းမဇနီးမယား(၇)မျိုးအား မြတ်စွာဘုရားရှင်တော်မြတ်သည် သုဇာတာအား အကြောင်းပြု၍ ဟောကြားခဲ့သည်ဟူ၏။

ယင်း ဇနီးမယားတို့တွင် အမှတ်စဉ် (၁/၂/၃) တို့ သည် လင်ယောကျ်ားတို့အတွက် အိမ်တွင်းရန်သူဖြစ်ပြီး အိမ်ထောင်စီးပွားရေးကို ဖျက်ဆီးတတ်သူများ ဖြစ်လေသည်။

ထိုတွင် မကသေးပဲ လင်ယောကျ်ားအပေါ် အနိုင်ယူလိုစိတ်များကြောင့် ကြောက်စိတ်ရှိသေစိတ်များ ကင်းမဲ့ပြီး လင်သားကို ဂရုမစိုက် ဘေးဖယ်ထားတတ်ကြ၏။ လင်ယောကျ်ားမှ ကြောက်ရသော ဇနီးမယားသည် လင်သားယောကျ်ားအပေါ် လုံး၀ အရေးမထား ဂရုမစိုက်ပဲ တပါးသူနှင့် နီးစပ်ထိတွေ့ရာ၌ လွယ်ကူစွာ လော်လည်ဖောက်ပြားတတ်သော အလေ့အထများ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမကောင်းလက္ခဏာ(၅)ပါး

(၁) အဆင်းရူပကာ ချောမွေ့ခြင်း။
(၂) အရွယ်၏ ကောင်းခြင်း။
(၃) အသားအရေနူးညံ့ခြင်း။
(၄) အရိုးအဆစ် ပြေပြစ်လိုက်ဖက်ခြင်း။
(၅) ဆံပင်၏ကောင်းခြင်း။

မိန်းမကောင်းလက္ခဏာ(၅)ပါးနှင့် ပြည့်စုံသော သူသည် အိမ်ထောင်ဖက် ရွေးချယ်ရာ၌ စိတ်တိုင်းကျ ရွေးချယ်နိုင်သော အခွင့်အရေးကို ပိုင်ဆိုင်နိုင်ကြလေသည်။



စိတ်တိုင်းကျဆိုသည်မှာ မိမိ အိမ်ထောင်ဖက်ကို မိမိ ဘဝ အတွက် စိတ်တိုင်းကျ၊ အလိုကျ အချိန်ယူ ရွေးချယ်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

သို့ရာတွင် အရွယ်၏ကောင်းခြင်းကို လွန်မြောက်ခဲ့သည့်တိုင် ခင်ပွန်းယောက်ျားကို အချိန်ကြန့်ကြာစွာ အရွေးလွန်နေမှုရှိနေပါက မိမိ၏ ဇရာပိုင်းသည် မိမိဘဝ၏စိတ်တိုင်းကျဖန်တီးလိုသော အခွင့်အရေးကို လုံးဝချေဖျက်ပစ်တတ်သည်ကို သတိပြုသင့်ပေသည်။ အရွယ်လွန်၍အပျိုကြီးဖြစ်နေရသောသူတို့သည် မိန်းမကောင်း လက္ခဏာများကို မှန်ကန်စွာသုံးသပ်ဆုံးဖြတ်မှုမပေးနိုင်ခဲ့သူများသာ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရှောင်ရှားသင့်သော မိန်းမများ

(၁) ရန်သူနှင့်တူသော မိန်းမ။
(၂) အရှင်သခင်နှင့်တူသော မိန်းမ။
(၃) ခိုးသူနှင့်တူသော မိန်းမ။
(၄) သားသမီးမထွန်းကားသော မြုံသော မိန်းမ။
(၅) သားယောကျာ်းလုံးဝမဖွားမြင်သော မိန်းမ။
(၆) ကုဋ္ဌနူနာရှိသော မိန်းမ။
(၇) ဟော့ရမ်းခေတ်ဆန်လွန်းသော မိန်းမ။
(၈) လင်ယောကျာ်းကို မချစ်မနှစ်သက်သော မိန်းမ။
(၉) သစန်တိုစိတ်ရှိသော ကောက်ကျစ်စဉ်းလဲသောမိန်းမ။



(၁၀) လင်ယောကျာ်းအပေါ် သစ္စာတရားမရှိသော မိန်းမ။
(၁၁) ဟိရိဩတ္တပ္ပတရားကင်းမဲ့သော မိန်းမ။
(၁၂) အကြောက်တရားကင်းမဲ့၍ စဉ်းစားဉာဏ် မ ရှိ သော မိန်းမ။
(၁၃) ရန်ငြိုးဖွဲ့၍အမြဲတစေ ရန်သူစိတ်ထားရှိသော မိန်းမ။
(၁၄) အလုပ်အကိုင်လုပ်လိုသောစိတ် မရှိပဲ ပျင်းရိလေးတွဲ့သော မိန်းမ။
(၁၅) သန့်ရှင်းစွာမနေတတ်ပဲ ညစ်ညမ်းမှုဒ္ဓသာ မွေ့ပျော်တတ်သော မိန်းမ။

ထို မိန်းမများကို ဇနီးမယားအဖြစ် မပေါင်းသင်းအပ်၊ ရှောင်ရှားသင့်သည်ဟု လူကြီးသူမနှင့် ရှေးပညာရှိတို့ မိန့်ဆိုမှာကြားခဲ့သည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ထောင်ဖက်မရွေးသင့်သော မိန်းမများ

(၁) မိမိရုပ်ရည်လှပမှုအပေါ် မာနထားရှိသော မိန်းမ။

(၂) ဆွေမျိုး ပတ်ဝန်းကျင်ဂုဏ်ကြောင့် အဆင့် အတန်းခွဲခြား၍ မာနတရားထားရှိသော မိန်းမ။

(၃) မိမိ၏ ကြွယ်ဝ ချမ်းသာမှုကိုမက်မော၍ လူတန်းစားခွဲခြားလိုစိတ်ရှိသော မိန်းမ။

(၄) ပစ္စည်းဥစ္စာကိုထိန်းသိမ်းနိုင်စွမ်းမရှိပဲလော်လည်ဖောက်ပြန်တတ်သော မိန်းမ။



(၅) အဝတ်တန်ဆာဖြင့် အလှအပ၌ မက်မောမှု ကြီးလွန်းသော မိန်းမ။

(၆) ပွဲလမ်းသဘင် အပျော်အပါးကို ခုံမင်ဝါသနာထုံလွန်းသော မိန်းမ။

(၇) သစ္စာမရှိသော၊ ယောကျ်ားတကာနှင့် ပေါင်းသင်းဆက်ဆံတတ်သော၊ ရာဂစိတ် ဖောက်ပြန်တတ်သော မိန်းမ။

(၈) မိန်းမဖြစ်သည့်တိုင် သေရည်သေရက်ကို စွဲမြဲစွာသောက်သုံးလေ့ရှိသော မိန်းမ။

(၉) အိမ်ထောင်မှုကို မပြုမပြင် ဖြစ်သလို နေထိုင်တတ်သော မိန်းမ။

(၁၀) လင်ယောကျ်ားအပေါ် အမြဲရန်လိုတတ်ပြီး အပြစ်ကျူးသာ ရှာဖွေ ရန်တွေ့တတ်သော မိန်းမ။

(၁၁) မိန်းမ ပတ်ဝန်းကျင်တွင် ဝင်ဆံ့မှုမရှိပဲ ယောကျ်ားများနှင့်သာ ရောနှောနေထိုင်သွားလာလိုစိတ် ရှိသော မိန်းမ။

(၁၂) အိမ်တကာလှည့်လည်၍ အတင်းအဖျင်း ပြောဆိုတတ်သော မိန်းမ။

(၁၃) လင်ယောကျ်ားလာလျှင် အိမ်တွင်းသို့ ရုတ်တရက်မဝင်နိုင်စေရန် အမြဲတစေ အဟန့်အတားပြုသော မိန်းမ။

(၁၄) ပညာဥစ္စာရယူလိုစိတ်မရှိသော မိန်းမ။

www.burmeseclassic.com

www.burmeseclassic.com



(၁၅) အိမ်ထောင်မှုကိစ္စကို အလေးတယူ ဂရုတစိုက် မရှိပဲ လင်ယောကျ်ားအား မိမိ၏ စိတ်ပျော်မြူးစေမှုအတွက် ၌သာ အသုံးပြုတတ်သော မိန်းမ။

(၁၆) ယောကျ်ားများအား အခိုင်းအစေဟုသာ သဘော ထား၍ အိမ်ထောင်တာဝန်ကိုမထမ်းရွက်လိုသောမိန်းမ။

ယင်းကဲ့သို့သော မိန်းမများအား အိမ်ထောင်ဖက် အဖြစ် ရွေးချယ်ခဲ့မိပါက အိမ်ထောင် မတည်မြဲနိုင်ပေ။ တည်မြဲသည့် တိုင် တသက်လုံး စိတ်ဆင်းရဲလျက် မစွည်းဥစ္စာ တိုးပွားမှုမရှိပဲ အသက်ကိုမှင် တိုစေတတ်သည်ဟု အဆုံးအမရှိခဲ့ကြပါသည်။

## မိန်းမတို့ကို ဖျက်ဆီးတတ်သည့် အကြောင်းတရားများ

(၁) လင်ယောကျ်ား၏ ကျေးဇူးမဲ့မှုကို အတင်းအဖျင်း ပြောဆိုခြင်း။

(၂) လင်ယောကျ်ား၏ ကောင်းကျိုး ချမ်းသာကို မပြု လုပ်ခြင်း။

(၃) လင်ယောကျ်ား၏ ကောင်းမှု ကျေးဇူး များ ကို ထိမ်ဝှက် ဖုံးကွယ်ခြင်း။

(၄) လင်ယောကျ်ား၏ ဆန္ဒကျင်ဘက် ကိုသာ ပြုလုပ် တတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၅) လင်ယောကျ်ား ရှာဖွေရရှိသော ပစ္စည်းဥစ္စာတို့ကို မစုဆောင်း မထိန်းသိမ်းတတ်ခြင်း။

(၆) တပါးသူနှင့် ဖောက်ပြားလို၍ လင်ယောကျ်ားအား အကြောင်းရှာ၍ အရပ်တပါးသို့ စေလွှတ်ခြင်း။

(၇) ဖောက်ပြား လို စိတ် ရှိ၍ လင်ယောကျ်ား ခရီးထွက်ခွာမှုပြုသည်ကို ချီးမွမ်း၍ အားပေးခြင်း။

(၈) မိမိလင်ယောကျ်ားကို ရိုသေလေးစားမှုမပြုခြင်း။

(၉) အိမ်တံခါးကို ထာဝရ ပိတ်ထားခြင်း။

(၁၀) လမ်းခရီးများ၌သာ လှည့်ပတ် နေထိုင်လေ့ရှိခြင်း။

(၁၁) လင်ယောကျ်ား မဟုတ်သူများနှင့် ရင်းနှီး ရောဝင် ပူးကပ်နေထိုင်ခြင်း။

(၁၂) ဝေဒနာတခုခုကိုအကြောင်းပြု၍ပျင်းရိခြင်း၊ အအိပ် စုံမက်ခြင်း။

(၁၃) အသက်ရှူ ပြင်းထန်ခြင်း။

(၁၄) လင်ယောကျ်ား၏ အလိုကို ဇနီးမယား တာဝန် ပယ်ဖျက်၍ ဖျက်ဆီး ငြင်းကွယ်ခြင်း။

(၁၅) လူးလိမ့် အိပ်ခြင်းဖြင့် မိမိ၏ အရှက်တရားများကို မဆင်မခြင် နေထိုင်တတ်ခြင်း။

(၁၆) လင်ယောကျ်ားကိုခွဲခွာ၍အရပ်တပါးသို့ပြောင်းရွှေ့ အိပ်ခြင်း။

(၁၇) အခြားအရပ်တပါးသို့ မျက်နှာမူ၍ အိပ်ခြင်း။



(၁၈) လင်ယောကျ်ားအလိုကို ဖျက်ဆီးလို၍ မြဲမြံ တင်းကျပ်သော အဝတ်အစားများ ဝတ်ဆင်၍ ကာကွယ်ခြင်း။

(၁၉) ဆိတ်ကွယ်ရာ အရပ်၊ ညဥ့်အမှောင် စသည် တို့ တွင် အကြောင်းမရှိ အကြောင်းရှာ၍ လင်ယောကျ်ားနှင့် မိမိနေအိမ်ကို စွန့်ခွာသွားတတ်ခြင်း။

(၂၀) တပါးသူအား မြူဆွယ်လိုသော သဘောထားဖြင့် မိမိ၏ ဖုံးကွယ် အပ် သည် များ ကို မသိကျိုးကျွန် ဖွင့်လှစ် ပြတတ်ခြင်း။

(၂၁) မိမိခင်ပွန်းမဟုတ်သော ယောကျ်ားများ၏ အသံကို နားစွင့် အာရုံပြုတတ်ခြင်း။

(၂၂) မိမိ လင်ယောကျ်ား၏ ကိစ္စ မဟုတ် သည် ကို ပြု၍ အခြားသူတို့အပေါ် ပြုစုယုယမှုပေးခြင်း။

(၂၃) ခရီးထွက်ခွာသွားသော လင်ယောကျ်ားကို သတိတရ မရှိခြင်း၊ လင်ယောကျ်ားကို သံယောဇဉ်မရှိခြင်း။

(၂၄) မိမိယောကျ်ား ခရီးထွက်ရာမှ ပြန်လည် ရောက်ရှိခြင်းကို ဝမ်းမမြောက်ခြင်း၊ အိမ်၌ မရှိစေလိုခြင်း။

(၂၅) မိမိလင်ယောကျ်ား၏ အိမ်မှုကိစ္စများကို ပစ်ပယ်ထားခြင်း။

(၂၆) အိမ်၌ နေစဉ် အရပ်တပါးသို့သာ မျှော်ငေးကြည့်ရှု နေထိုင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ အကြောင်းတရားများသည် မိန်းမတို့ကို လုံး၀ ဖောက်ပြန်နေသည်ဟု စွပ်စွဲထားခြင်း မဟုတ်ပေ။ အိမ်ထောင်မှု တည်မြဲစေရန်အတွက် မိန်းမတို့ လိုက်နာ စောင့်ထိန်းအပ်သည်များကို ရှေးအစဉ်အဆက်က ညွှန်ပြ မိန့်ဆိုထားခဲ့ခြင်း ဖြစ်ပေသည်။

ဤအချက်များနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းပါမည်။

လင်ယောကျ်ား၏ကောင်းကျိုးကို မပြုခြင်း၊ ကျေးဇူးတရားများ ထိမ်ဖုံးထားခြင်း၊ ဆန့်ကျင်ဘက်ပြုခြင်း စသည်တို့သည် အိမ်ထောင်ရှင် ခင်ပွန်း၏ စိတ်ကို ညစ်ညူးစေရန် ဖန်တီးခြင်း ပြုရာ ကျပါသည်။ လင်ယောကျ်ားသည် အိမ်ထောင့် တာ၀န်များကို စွန့်ပယ်၍ အခြားသူကို ခင်တွယ်စေလိုသော အကြောင်းတရားများသာ ဖြစ်ချေသည်။

အခြားယောကျ်ားများနှင့် ရောနှောပူးကပ် နေထိုင်ခြင်း၊ အခြားသူတို့အပေါ် ပြုစုယုယခြင်း၊ အခြားသော ယောကျ်ားများကို နှားစွင့် အာရုံပြုတတ်ခြင်း၊ သံယောဇဉ် မထားသော အကြောင်းတရားများသည် ဖောက်လွဲဖောက်ပြန်မှုကို အားပြုရာ ရောက်ပေသည်။ မိမိ လင်ယောကျ်ားအပေါ် သံယောဇဉ် မထားရှိသဖြင့် ထိုသံယောဇဉ်အစား အခြားသော ခင်တွယ်မက်မောမှု တို့က အစားထိုး ဝင်ရောက်လာနိုင်ပေသည်။ ဤမက်မောမှုတို့ အစားထိုး ဝင်ရောက် လာချိန်ဝယ် အခြားယောကျ်ားများနှင့် နီးနီး ကပ်ကပ် နေထိုင်ခြင်း၊ အခြားယောကျ်ားသားများအပေါ် ပြုစုယုယမှု ပေးခြင်း၊ အခြားယောကျ်ားများအပေါ် အာရုံ စူးစိုက်ခြင်း စသည်တို့သည် နီးကပ်စွာ တွေ့ထိမှုကြောင့် ကာမရာဂ၌ နှစ်မျော တတ်သည်ကို ဖန်တီးရာ ကျပေသည်။



လူသားလောက၌ မေတ္တာတရားနှင့် ကိလေသာစိတ်တို့သည် ထာ၀ရ ဒွန်တွဲ ကပ်ငြိနေသည်ဖြစ်၏။ လူသည် အသွေးအသားတို့ဖြင့် တည်ဆောက်ထားသည် ဖြစ်၍ အသွေး အသား တို့၏ သဘောတရားအကိုင်း တောင်းဆို တောင့်တမှုများ ရှိနေပေသည်။ လူသည် သစ္စာတရားကို ကိုင်စွဲထားရသည့်တိုင် အသွေးအသားတို့၏ ဆန္ဒပြ တောင်းဆိုမှု လွန်ကဲလာသောအခါ အမှားအမှန်ကို ဝေဖန်ပိုင်းခြားရန် အချိန် မရနိုင်တော့ပေ။ တဒင်္ဂ အတွေ့အထိ၌နှစ်မျော၍ ကိလေသာသဘောသို့ ကျွံဝင်သွားနိုင်ပေသည်။ ထိုအမှားကိုပြုလုပ်ပြီးနောက်မှ သတိတရား ပြန်လည်ရရှိလာနိုင် တော့သည်။ ဤသည်တို့မှာ အသွေး အသား၏ တောင်းဆိုမှုတို့ ရပ်ဆိုင်းသွားပြီ ဖြစ်၍ အသိတရားများက ပြန်လည် ထိန်းချုပ်နိုင်ခြင်းကြောင့်သာ အမှန်ကို ပြန်လည် မြင်ယောင်မိခြင်း ဖြစ်ရလေသည်။

မိန်းမများသည် အရှက်အကြောက်တရားနှင့် ပတ်ဝန်းကျင်အပေါ် လွန်စွာမှီခိုနေရသူများဖြစ်၏။ မိမိသည် အမှားကိုပြုပြီးသည်နှင့် ပတ်ဝန်းကျင်ကို ကြောက်ရ၍ လည်းကောင်း၊ မိမိနှင့် အမှားကို ကျူးလွန်ဖက်ဖြစ်သော တပါးယောကျ်ား၏ ဆင့်ကဲတောင်းဆိုမှု၊ အတင့်ရဲမှု၊ အနိုင့် အထက် ပြုမှု၊ မိမိ ကိုယ်တိုင်ကလည်း တပါးယောကျ်ားအပေါ် သံယောဇဉ်တွယ်မှု၊ ကိလေသာ၌ ပျော်ရွှင်နှစ်မြုပ်မှုတို့ကြောင့်လည်းကောင်း မိမိ ခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com



အပေါ်သစ္စာဖောက်ဖျက်ပြီး မိမိကိုယ်တိုင် အမှားနောက်သို့ တကောက်ကောက် လိုက်ခဲ့မိရလေတော့သည်။

အိမ်ထောင်ရှင် ဟူသည့် မိန်းမများတွင် အမျိုးအဆွေ မှန်မြတ်သူ မိမိ အဆင့် အတန်းကို ထိန်းသိမ်းတတ်သူ ခင်ပွန်းအပေါ် သစ္စာခိုင်မြဲစွာဖြင့် ချစ်ခြင်းမေတ္တာထားရှိတတ်သူများ ရှိသလို အချို့သော မိန်းမများသည် အခြေအနေ အမျိုးမျိုးကြောင့် အိမ်ထောင်ပြုခဲ့ရသည့်တိုင် မိမိ၏ဂုဏ် ဆွေမျိုး၏ဂုဏ် မိမိ ပတ်ဝန်းကျင် မိမိအဆင့် အတန်းကို မထိန်းသိမ်းတတ်သူ၊ ထိန်းသိမ်းလိုစိတ် မရှိသူများလည်း ရှိနေပေသည်။ တချို့သည် ပင်ကိုကပင် စာရိတ္တမမှန်ကန်သူများ ရှိနေကြပေသည်။

ထိုစာရိတ္တ မမှန်ကန်သူများဟု ဆိုရာ၌ ပြည့်တန်ဆာလောကသို့ သက်ဝင်ပြီးမှ အရှုံးအမှုးယောကျ်ားကြောင့် အိမ်ထောင်ရှင်ဖြစ်လာရသူများ၊ ကိလေသာစိတ်၌ ပျော်မွေ့လွန်းသူများ၊ အတုအပ အဆောင်အယောင် ဂုဏ်သတင်း ကြီးမားမှုကို မက်မောသူများ၊ အပျိုစင်ဘဝကပင် ယောကျ်ားများစွာနှင့်အတွေ့အကြုံ ရင့်ကျက်ခဲ့သူများ စသည်တို့သည် မိန်းမကောင်း မိန်းမမြတ်တို့နှင့် မိန်းမထု တရပ်လုံးကို နာမည်ဖျက်နေကြသူများဖြစ်သည်။

လူဆိုးသူခိုးများသည် ဘဝတူများနှင့်သာ ပေါင်းဖော်ကြသည်။ မိန်းမဆိုးများသည် ယောကျ်ားဆိုး များနှင့်သာ မကောင်းသော ပတ်ဝန်းကျင်ကို လက်တွဲ တည်ဆောက်သည် ဖြစ်လေသည်။



ထိုသို့သော မိန်းမဆိုးများကြောင့် တားမြစ်ချက်၊ ပညတ်ချက်များသည် ပေါ်ထွက် လာရသည် ဖြစ်၏။ လူကောင်းသူကောင်းချည်း နေထိုင်ပါက မည်သည့်စည်းကမ်း မည်သည့် ဥပဒေမှ ထားရှိရန် မလိုပေ။

ထို့အတူပင် မိန်းမများကို ညွှန်ပြပြောဆို မိန့်မှာခဲ့သော ပညာရှိတို့၏ မိန့်မှာချက်များသည်လည်း အဖြစ်အပျက် အတွေ့အကြုံများ အပေါ် မူတည်၍ ပေါ်ထွက်လာရခြင်း ဖြစ်ပါသည်။

မည်သို့ဆိုစေ မိန်းမတို့ကိုဖျက်ဆီးတတ်သော ဤအကြောင်းတရားများသည် မိန်းမဆိုးတို့ကို ထိန်းကွပ်ရန်နှင့် သတိ မမူသော မိန်းမကောင်းများပင်လျှင် သတိ ချွတ်ချော်မှုကြောင့် ပျက်စီးတတ်ပြီး အိမ်ထောင် ပြိုကွဲမှုတို့ကို ဖြစ်စေသည်ဖြစ်၍ မိန်းမတိုင်း လိုက်နာသင့်သော အကြောင်း တရားများသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇနီးမယားကောင်းတို့၏ ဂုဏ်အရည်အချင်း (၇) ပါး

ဘုတ္တေသု မဏ္ဍေသု ဇနနိဝ ကန္တိနို
ဂုယှေစ ဌာနေ အဂိနိဝ ဟိရိဏီ
ကမ္မေသု ပတ္တေသု ကရောတိ ဒါသိဝ
ဘယေသု မန္တိသယနေသု ရူမယေ
ဂုပိသုသိက္ခာ ကုပ္ပိနေသု ခန္တိနို
သာနာရီ သေဋ္ဌာတိ ဝဒန္တိ ပဏ္ဍိတာ
ကာယဿ ဘေဒါစ ဒိဝေ ဘဝေယျ





(၁) အကြင်မိန်းမတို့သည် စားသောက်သောအခါ၌ သော်လည်းကောင်း၊ အဝတ်တန်ဆာ ဝတ်ဆင်ရာ၌ သော်လည်းကောင်း၊ လင်ယောကျ်ားကို အမိကဲ့သို့နှစ်သက်ဝတ်ဆင်ပြုလုပ်ပေး၏။
(၂) လျှို့ဝှက်အပ်ရာကုန်သော အရာတို့၌ နှမ ကဲ့သို့ လွန်စွာ ရှက်ကြောက်မှု ဖြစ်ရာသည်။
(၃) အမှုကိစ္စ ပြုလုပ်ပေးရာ၌ လည်းကောင်း၊ လင်ယောကျ်ား ထံပါးသို့ သွားလာရာ၌ လည်းကောင်း ကျွန်မတဦးကဲ့သို့ရှိသေလေးစားရာ၏။
(၄) ဘေးအန္တရာယ် ကြုံကြိုက်သောအခါ၌ တိုင်ပင်ဖော် တိုင်ပင်ဘက် ဖြစ်ရာ၏။
(၅) အိပ်သောအခါ လင်ယောကျ်ားကို မွေ့လျော်စေရန် ပြုစုတတ်၏။
(၆) အရောင်အဆင်း တို့ကို ပြုပြင်ဖန်တီးရာ၌ တင့်တယ်မှုကို ဖြစ်စေရာ၏။
(၇) လင်ယောကျ်ား အမျက် ဒေါသ ထွက်သော အခါ၌ သည်းခံစိတ် ထားရှိရာ၏။

သာနာရီ ထိုမိန်းမ တို့သည် သေဋ္ဌာတိ မြတ်၏ ဟူ၍ ဝဒန္တိ ဆိုကုန်၏။

သာနာရီ ထိုမိန်းမသည် ကာယဿဘေဒါ သေသည်၏ အခြားမဲ့၌လည်း ဒိဝေ နတ်ပြည်၌ အဝေယျဖြစ်ရာ၏ ဟု ဆရာတော် ဘုရားကြီးမှ မိန့်ကြားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမကောင်း တို့၏ ဂုဏ်အရည် အချင်း (၇) ပါးကို ထပ်ဆင့်ရှင်းပြပါမည်။

(၁) အကြင်ဇနီးမယားတို့သည် အစားအစာကျွေးမွေးသောအခါ မိခင်မှ သားသမီးကို သဒ္ဒါတရားပြည့်ဝစွာဖြင့် ကျွေးမွေး ပြုစုခဲ့သကဲ့သို့ မုဒိတာစေတနာဖြင့် ကျွေးမွေးပြုစုက လင်ဖြစ်သူမှာ အလွန်စိတ်ချမ်းသာ၍ ဇနီးမယားအပေါ် ကျေးဇူးမေတ္တာပွားများကုန်သည် ဖြစ်၏။ လောက၌ စတ်ကျေတမ်းကျေမပြုလုပ်ရာကို ဆိုလိုခြင်း ဖြစ်၏။ ဇနီးမယားမှ 'ထမင်းစားပွဲနှင့် လင်ကို မစ် ထား တာ လောက် လောကတွင် ပျင်းစရာမရှိ' ဟု ဆိုစကားများ ရှိဖူးပါသည်။

(၂) လင်ယောကျ်ားဖြစ်သူ အလုပ်အကိုင် သို့မဟုတ်၊ အစမ်းအနား သို့မဟုတ် ပွဲလမ်းသဘင် စ သည့် လူတောအတွင်းသို့ တိုးဝင်သွားလာရသည့်အခါ အချိန် ကာလ ဒေသနှင့် လိုက်ဖက်စေရန် အ တွက် သားသမီးကို မိခင်မှ ဝတ်ဆင်ပေးသကဲ့သို့ ဝတ်ဆင် ပြုပြင်ပေးရသည် ဖြစ်၏။

(၃) မိမိ၏လင်ယောကျ်ားဖြစ်စေကာမူ အနေအထိုင်နှင့် ပြောဆိုဆက်ဆံရာတွင် နှမ အရင်းတယောက်ကဲ့သို့ ထိန်းသိမ်းစွာဖြင့် အရှက်အကြောက်ရှိစေရာ၏။



ထို ကိစ္စမျိုးကို ယခုခေတ်ကာလ၌ ဆင်ခြေ အမျိုးမျိုးပေးမည်မှာ ကေန်မုချပင် ဖြစ်၏။ ဇနီးမယား ဖြစ်သည့်တိုင် လင်ယောကျ်ားရှေ့၌ ပိုးစိုးပက်စက် မနေအပ်ပေ။ ဤသို့မနေခြင်းဖြင့် မိမိလင်ယောကျ်ားကိုယ်တိုင်က မိမိအပေါ် လေးစား၍ ပတ်ဝန်းကျင်ကလည်း လေးစားရသည်ဖြစ်၏။ မိမိအပေါ် မလေး မစားနှင့် ထိပါးလာလိုသော ယောကျ်ားဆိုးများ၏ရန်ကို ကြိုတင် ကာကွယ်ရာလည်း ရောက်၏။ မိန်းမ ဖြစ်သူသည် အနေအထိုင် မဆင်ခြင်သော သဘောကြောင့် နောင်တွင် အကျင့်ပါသွားနိုင်ပြီး မိမိ၏အန္တရာယ်ကို လက်ယပ်ခေါ်သလို ဖြစ်စေနိုင်၏။

(၄) လင်ယောကျ်ားဖြစ်စေ၊ အိမ်တွင်းရေးကိစ္စ ဖြစ်စေ ဘေးအန္တရာယ် တစုံတရာနှင့် ကြုံကြိုက်လာပါက အကြံဉာဏ်ပေးရပေမည်။ သို့ရာတွင် ဤသို့အကြံဉာဏ်ပေးနိုင်သော အရည်အချင်းမျိုးရှိရန် လိုအပ်ပေသည်။ အချို့ဆိုလျှင် ယောကျ်ားထက် အကြံဉာဏ်ကောင်းသူဖြစ်၍ မိန်းမပြီးမှ ပြီး၏။ မိန်းမအကြံမပါလျှင် မလုပ်တတ်သော ယောကျ်ားမျိုးကိုပင် တွေ့ရတတ်၏။

(၅) မိမိလင်ယောကျ်ားကို မိမိကိုယ်တိုင် တန်ဖိုးထင် လေးစားခြင်းပြု၍လည်းကောင်း၊ လင်ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာဝင်သောအခါ၌လည်းကောင်း မွေ့နှလျော်မှု ရှိစေရန် ပြုလုပ်ပေးရသည်ဖြစ်၏။

ဤကိစ္စကိုအချို့က နှာခေါင်းရှုံ့ကြပေလိမ့်မည်။ ထိုသို့ မဟုတ်တန်ရာသည်ကို ရှင်းပြပေမည်။ လင်မယားဟူသည် ချစ်ခြင်းမေတ္တာနယ်ပယ်၌ သက်ဝင်ရသကဲ့သို့ ကမ္ဘာဦးအစမှတည်ရှိလာခဲ့သော ကိုလေးသာ ကိစ္စသည် ပြည့်နှက် နှက်ရှိုင်း နေ သည် ဖြစ်၏။ လင်မယားဘဝ၌ ကာယသံသဂ္ဂကိစ္စကို ပညာရှိများ ကိုယ်တိုင် ဖွင့်ပြခဲ့ရန် မလိုပေ။ အလိုလိုသိပြီး ဖြစ်ပေသည်။

မြန်မာစကားပုံတခု၌ သမီးရည်းစား ဘဝ၌ အချစ်ကုန်ဆုံးသည်။ လင်မယား ဘဝ၌ အရှက်ကုန်ဆုံးသည်ဟုဆိုခဲ့သည်။ တဖန် လင်ယောကျ်ား အပေါ် အရှက်အကြောက် ထားရှိရမည်ဟု ဆိုခဲ့သည်လည်း မှန်၏။ ဤသို့ဆိုခဲ့၍ မရှုပ်ထွေးစေသင့်ပေ။ အခါကာလ၊ နေရာဒေသ ဆိုသလို သံဝါသပြုရာကိစ္စသည် တဦး၏ ဆန္ဒကို တဦးမှ အကြိုက်ဆောင် ပြုစုပေးရမည့် အစွမ်းကုန်ကာလ ဖြစ် ပေသည်။ ဤအချက်ကို ဆရာဝန်ကြီးများကိုယ်တိုင်က လည်း ပညာပေး ဟောပြောရေးသားနေကြပြီဖြစ်၏။ မိန်းမဖြစ်သူသည် ထိုသံဝါသကိစ္စကို အမှုမထား အရေးမစိုက်ပါက လင်ယောကျ်ားဖြစ်သူ



သည် မိမိအပေါ် စိတ်ကုန်ခန်း၍ အငယ် အနှောင်း ယူခြင်း၊ စွန့်ပယ်ကျောခိုင်းခြင်း၊ ပြည့်တန်ဆာလောကသို့ ခြေစုံပစ်လိုက်စားခြင်းများ ဖြစ်ရသည်ကို သတိပြုနိုင်ရန်လိုအပ်လှပေသည်။

(၆) အရောင်အဆင်းကို ပြုပြင်ဖန်တီးရာ၌ တင့်တယ်လှပစေရမည်ဟု ဆိုလိုသည်မှာ မိန်းမသား များသည် သွားသည်အမေ ဖြစ်ရသည့်တိုင် သန့်ရှင်းသပ်ရပ်မှုရှိရန် လိုအပ်ပေသည်။ မိမိ၏ဖြစ်သလိုနေထိုင်တတ်မှုသည် လင်ယောကျ်ား၏စိတ်ကိုကုန်ခန်းစေနိုင်သည်။

လင်ယောကျ်ားဟူသည် အချော့ကြိုက်၊ အလှမက်သူထဲတွင် ပါဝင်သူဖြစ်၏။ ဇနီးမယား၏အပြင်အဆင် ပြုပြင်နေထိုင်တတ်မှုသည် အိမ်ထောင်ရေး တည်မြဲစေရန် အထောက်အကူ ဖြစ်သည်ကို မမေ့အပ်ပေ။

(၇) လင်ယောကျ်ား အမျက်ဒေါသ ထွက်သောအခါ၌ သည်းခံလိုစိတ်ရှိရမည် ဆိုသည်မှာ လူသည် အမှားအမှန်ကို ရံဖန်ရံခါ မခွဲခြားတတ်သည့် သဘော၌ သက်ဝင်သည်ဖြစ်၏။

ဇနီးမယားသည် လင်ယောကျ်ား၏ မှားသောကိစ္စ၊ မှန်သောကိစ္စ မည်သို့ပင်ဖြစ်စေ လင်ယောကျ်ား အမျက်ဒေါသ ထွက်ချိန်၌ သည်းခံလိုစိတ် ရှိရမည် ဖြစ်၏။ လင်ယောကျ်ား၏ ဒေါသကို အတိုက်အခံ

www.burmeseclassic.com

www.burmeseclassic.com



ပူခြင်းဖြင့် ပေါက်ကွဲမှု မဖြစ်စေသင့်ပေ။ လင်ယောကျ်ားစိတ်တည်ငြိမ်သွားစဉ်အကျိုးအကြောင်းပြဆို၍ ဖျောင်းဖျ ပြောဆို ငြိမ်းအေးရမည်ဖြစ်၏။ ယောကျ်ားဟူသည် မိဘစကားကို ပယ်လျှင်ပယ်မည်ဖြစ်၏။ ဇနီးမယား၏အကြံဉာဏ်ကိုတော့ ပယ်ဖျက်လေ့မရှိတတ်သည်ကို သိထားသင့်ပေသည်။

အထက်ဖော်ပြပါ အချက်များသည် ဇနီး မယားကောင်းတို့၏အရည်အချင်းများဖြစ်ပါသည်။ ယောကျ်ားများအတွက်မူ သစ်သီးကောင်း စားလိုက သစ်ပင်မျိုးကောင်းကိုသာ စိုက်ရမည်ဖြစ်၏။ ယောကျ်ားဖြစ်သူသည် ဇနီးမယားကောင်းကို အလိုရှိပါက မိမိကိုယ်တိုင် ယောကျ်ားကောင်းဖြစ်ဖို့ လိုအပ်ပေသည်။ သို့မဟုတ်က မိမိ၏ဆိုးညစ်သော အကျင့်သိက္ခာကြောင့် မိန်းမသည် မည်မျှ အမျိုးအစား ကောင်းစေကာမူ အခြေအနေအရပ်ရပ်၏လှုံ့ဆော်မှုကြောင့် မိန်းမဆိုးဘဝသို့ ရောက်သွားနိုင်ပေသည်။

ထိုအဖြစ်မျိုးသို့ ရောက်ရှိသွားခဲ့ပါမူ ယောကျ်ားသည် တစ်တရားခံဖြစ်၍ မိန်းမများကို ဖျက်ဆီးသူဖြစ်ပေလိမ့်မည်။

## လူတွင် ဖြစ်တတ်သော ဒေါသ(၆)မျိုး

(၁) ဆာလောင်မွတ်သိပ်သော အချိန်အခါ။

(၂) စားသောက်ပြီးစ အနားယူသော အချိန်အခါ။

(၃) ခရီး သွားမည် ပြုစ အချိန်၊ အလုပ် သွားမည်ပြုစ အချိန်။

(၄) အိပ်ရာဝင်မည်ပြုစအချိန်။

(၅) အိပ်ရာမှ နိုးကာစအချိန်။

(၆) အမောတကြီးဖြင့် ခရီးထွက်ရာမှ ပြန်ရောက်စအချိန်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်အခါများတွင် မယားအလိမ္မာသည် ဒေါသဖြစ်စရာ၊ ပူပင်သောကပွားများစရာ၊ စိတ်အနှောင့်အယှက်ဖြစ်စရာများကို မပြုအပ်ပေ။ လင်ယောကျ်ား အိပ်ရာဝင်ချိန်၌ သန့်ရှင်းသော အိပ်ရာ အခမ်းအနားများဖြင့် ပျော်မွေ့အောင် ပြုစုရသည်ဖြစ်၏။

ဤသို့ပြုစုပြီးမှသာ မိမိ၏အလိုရှိရာကို ငြိမ်းအေးချမ်းမြေ့စွာ သာယာညင်းပျောင်းမှုတို့ဖြင့် ရယူစေရာ၏။

ယောကျ်ားသားများကလည်း ဤကျင့်စဉ်အတိုင်း မိမိ၏အလိုရှိရာကို စွမ်းဆောင်ရာ၏။ ယခုခေတ်သည် မိန်းမနှင့် ယောကျ်ား ရင်ပေါင်တန်း၍ စီးပွားရှာနေသည်ဖြစ်၍ မိမိသည် တမြတစေ အနိုင်ယူလိုစိတ်မရှိစေရန် မိမိကိုယ်ကို ဆင်ခြင်ရမည်ဖြစ်ပါသည်။

## မိန်းမ အမျိုးအစား

မိန်းမအမျိုးအစားနှင့်ပတ်သက်၍ ယခင်ရေးသားပြီးခဲ့သော "ချစ်မေတ္တာနှင့် ဖိုမပြဿနာများ" စာအုပ်တွင် အသေးစိတ်ရှင်းလင်းဖော်ပြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အကျယ်ကို မရှင်းလင်းတော့ပါ။

သို့သော် မိန်းမများသည် လူသားသတ္တဝါဖြစ်၍ လူအမျိုးမျိုး စိတ်အထွေထွေ ရှိနေသည်ကို သတိပြုသင့်ပေသည်။ စိတ်အမျိုးမျိုး ဆိုရာ၌လည်း မိန်းမ အမျိုးအစား အမျိုးမျိုးအရ ကွဲပြားသည်ဟု မှတ်ယူသင့်၏။ သို့ဖြစ်၍ မိန်းမတိုင်းအား အပြစ်မမြင်သင့်သလို အမျိုးအစား၊ အခြေအနေ၊ အချိန်အခါ၊

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် ကာလ ဒေသတို့ကို တွက်ချက် ချင့်ချိန်ပြီးမှသာ မိန်းမများကို အပြစ်ရှိက အပြစ်ဆိုသင့်ပေသည်။

မိန်းမတွင် ဥက္ကဋ္ဌ၊ ပဏ္ဍိတ၊ မဇ္ဈိမ၊ ဟိန ဟူသော အယုတ် အလတ် အမြတ် ရှိသလို ပဒုမ္မနီမျိုး၊ စိတ္တရနီမျိုး၊ သင်္ခနီမျိုး၊ ဟတ္ထနီမျိုး ဟူ၍ အမျိုးအစားများ ရှိပြန်လေသည်။ အဆင့် အတန်း အမျိုးအစား (၄)မျိုး ရှိရာတွင် တမျိုးသော အမျိုးအစားတွင် (၆၄)ယောက်ရှိသည်ဖြစ်၍ အမျိုးအစား(၄)မျိုးတွင် (၂၅၆) ယောက် သော အမျိုးအစားတို့ ရှိနေသည်ကို သိမှတ်ထားသင့်ပေသည်။

ထို (၂၅၆)ယောက်သော အမျိုးအစားတို့တွင် တဦးနှင့် တဦး ခန္ဓာကိုယ်တည်ဆောက်မှုနှင့် စိတ်နေသဘောထား ရုပ်ရည် ရူပကာ အမျိုးမျိုး အထွေထွေ ရှိနေသည်ဖြစ်၍ မိန်းမတိုင်းကို သိုင်းခြုံပြီး အပြစ်ဟု မမြင်သင့်၊ မဝေဖန်သင့်ပေ။

## မိန်းမအမျိုးအစားနှင့် လက္ခဏာများ

### (၁) ပဒုမ္မနီ မိန်းမများ၏ လက္ခဏာများ

(က) လဝန်းကဲ့သို့သော ဝိုင်းဝန်း အေးချမ်းမှု ရှိသည့် မျက်နှာရှိ၏။
(ခ) အသားအရေ ညက်ညောမှုရှိ၏။
(ဂ) သွားအရောင် ပေါ်လွင် တောက်ပ၏။
(ဃ) ခြေဖဝါး၊လက်ဖဝါး ပြည့်တင်း၏။
(င) ဆံပင်ရှည်လျား၍ သန်၏။
(စ) လည်ပင်း အရေးအရစ် သုံးခုရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



(ဆ) သားမြတ်မည့်အစုံကြီး၏။
(ဇ) ဟင်္သာကဲ့သို့သော သွားလာခြင်းမျိုးရှိ၏။
(ဈ) အသံသြဇာ သာယာမှုရှိ၏။
(ည) သက်ကြီးဝါကြီးနှင့် ဆရာမိဘတို့ကို အစဉ် ရိုသေလေးစားမှုရှိ၏။
(ဋ) လင်ယောကျ်ားအပေါ် ရိုသေ လေးစားမှု ရှိ၏။
(ဌ) မကောင်းမှုကိုပယ်၍ ကောင်းမှုကိုသာပြုတတ်၏။
(ဍ) အရှက်တရား ကြီးမား၏။
(ဎ) ကြောက်ရွံ့လေးစားထိုက်သည်တို့ကို ကြောက်ရွံ့တတ်၏။
(ဏ) ပညာအရည်အချင်း၊ ရုပ်ရည်တင့်တယ်မှုတို့နှင့် ပြည့်စုံ၏။
(တ) ပဒုမ္မာကြာကဲ့သို့သော ကိုယ်ရနံ့ရှိ၏။
(ထ) ကိုယ်အရသာချို၏။
(ဒ) မာတင်္ဂဆင်ကဲ့သို့သော ကြည့်ခြင်းရှိ၏။
(ဓ) အင်္ဂါစပ်ကား လိပ်ခုံးသဏ္ဌာန်ဖွဲ့စည်းမှု ရှိ၏။

## (၂) စိတ္တရနီ မိန်းမတို့၏ လက္ခဏာ

(က) ရယ်ရွှင်မြူးတူးခြင်း များစွာ ရှိ၏။
(ခ) ခိုပေါက်စကဲ့သို့သောအသံ ရှိ၏။
(ဂ) လိပ်ကဲ့သို့သော သွားလာခြင်းများရှိ၏။



(ဃ) မိဘ အဘိုး အဘွား ဆရာတို့ကို လည်းကောင်း၊ လင်ယောကျ်ားကို လည်းကောင်း ရိုသေသမှုရှိ၍ ခင်တွယ်မှု သံယောဇဉ်ကြီးမားမှု ရှိ၏။
(င) ကြာညိုပန်းကဲ့သို့သော ကိုယ်အနံ့ရှိ၏။
(စ) အသားအရေ နူးညံ့ပျော့ပျောင်းမှုရှိ၏။
(ဆ) အင်္ဂါကား ကြာရွက်နုသဏ္ဌာန်ဖွဲ့စည်းမှုရှိ၏။

## (၃) သင်္ခိနီမိန်းမတို့၏လက္ခဏာ

(က) ရာဂဆန္ဒရမ္မက် ကြီးမားလှ၏။
(ခ) ရသေ့ရဟန်းတို့ကိုပင် မက်မောမှု ဖြစ်တတ်၏။
(ဂ) သားမြတ်သည် လုံးကျစ်၍ သလဲသီးကဲ့သို့ ရှိ၏။
(ဃ) ဆံပင်ရှည်လျားစွာ ပေါက်တတ်၏။
(င) ပျားအနံ့ကဲ့သို့သော ကိုယ်ရနံ့ရှိ၏။
(စ) ယောကျ်ားနှင့် တခဏတာမျှ ကင်းကွာနေလိုစိတ် မရှိ။
(ဆ) မကောင်းသော အရသာကို စုံမက်၏။
(ဇ) ယစ်ငှက်ကဲ့သို့ သွားလာခြင်းမျိုး ရှိ၏။
(ဈ) ပန်း၊ နံ့သာ၊ အမွှေးအကြိုင်တို့ကို လွန်စွာ[illegible] ၍ အလိုကြီးစွာ သုံးစွဲတတ်၏။
(ည) ခါးတောင့်ရှည်၍ ရင်ကို ကောတတ်၏။
(ဋ) အင်္ဂါကား ခရုသင်းသဏ္ဌာန် ဖွဲ့စည်းမှု ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



(၄) ဟတ္ထနီ မိန်းမတို့၏ လက္ခဏာ

(က) တင်ပါးဆုံကြီးမား ဖွံ့ထွားမှု ရှိ၏။
(ခ) မြင့်မား အပေါ်တက်သော တင်ပါး ရှိ၏။
(ဂ) နားရွက်တို၏။
(ဃ) နှုတ်ခမ်း ကြီး ထူ၏။
(င) နှာခေါင်း ပိပြားမှုရှိ၏။
(စ) ဝိုင်းဝန်း သေးငယ်သော မျက်လုံး ရှိ၏။
(ဆ) အမျက်ဒေါသ ကြီးမား၏။
(ဇ) ခါးတုတ်၏။ ခါးကြီး၏။
(ဈ) ပေါင်ရင်း ပေါင်တံ ပြည့်ဖြိုး၏။
(ည) ခြေသလုံး ဒူးဆစ် မြင်းခေါင်း ကြီး၏။
(ဋ) ခြေဖဝါး လက်ဖဝါးတို၏။
(ဌ) လက်ချောင်း ခြေချောင်း တိုတုတ်၏။
(ဍ) ဆန္ဒလောဘ ကြီးမားမှု ရှိ၏။
(ဎ) ယောကျ်ားကို လွန်စွာ ခင်တွယ်မက်မော၏။
(ဏ) ဆင်မကဲ့သို့သော သွားလာခြင်းမျိုး ရှိ၏။
(တ) ယောကျ်ားများနှင့် မခွဲ မခွာ ပူးကပ် မှီခို၍ နေလို၏။
(ထ) ယောကျ်ားနှင့်ကြိမ်ဖန်များစွာသံဝါသပြုရသော်လည်း ရောင့်ရဲ တင်းတိမ်ခြင်း မရှိပေ။ ကြီးမား ကြမ်းတမ်းသော ပုရိသ သဘောကို အလိုကြီးသည် ဖြစ်၏။



(ဒ) သားမြတ်ခေါင်းကြီး၏။
(ဓ) ကိုယ်နံ့ကား ဆင်မုန်ကဲ့သောအနံ့ ရှိ၏။
(န) ကိုယ်အရသာ ငန်စပ်စပ် ရှိ၏။
(ပ) ရမ္မက်ဆန္ဒကား ပူစပ်ရှိန်းရှိန်း ရှိ၏။
(ဖ) အင်္ဂါကား ဆင်နားရွက်ကဲ့သို့ ဖွဲ့စည်းမှု ရှိ၏

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမတို့၏ ကောင်းခြင်းလက္ခဏာများ

| | | |
|---|---|---|
| (၁) | ခြေလက္ခဏာ | (၁၃) မျိုး |
| (၂) | ကိုယ်ခန္ဓာလက္ခဏာ | (၁၆) မျိုး |
| (၃) | စိတ်သဘောထားလက္ခဏာ | (၆) မျိုး |
| (၄) | လက်ဖဝါးမြင်လက္ခဏာ | (၉) မျိုး |
| (၅) | လည်ပင်းလက္ခဏာ | (၁) မျိုး |
| (၆) | အသံလက္ခဏာ | (၃) မျိုး |
| (၇) | မျက်နှာပုံသဏ္ဌာန်လက္ခဏာ | (၈) မျိုး |
| (၈) | သွားအနေအထားလက္ခဏာ | (၁) မျိုး |
| (၉) | မျက်လုံးလက္ခဏာ | (၄) မျိုး |
| (၁၀) | ဆံပင်အနေအထားလက္ခဏာ | (၃) မျိုး |





စုစုပေါင်း(၆၄)မျိုးရှိလေသည်။ ၎င်းအမျိုးအစားအားလုံး အနက် အသီးသီး အသက အသက ပါဝင် ဖွဲ့စည်းမှု ရှိသော မိန်းမများသည် အမျိုးအစား၊ အယုတ်အလတ်အမြတ်၊ အကျင့်သီလတို့၌ လေးစားထိုက်သော စာရင်းဝင် မိန်းမများ ဖြစ်သည်ကို မှတ်ယူသင့်ပါသည်။

### (၁) ခြေလက္ခဏာ (၁၃) မျိုး

(က) ဦးဆောင်ပန်းပုံသဏ္ဌာန်
(ခ) အိုင်ကြီး(၇)အိုင်သို့သော သဏ္ဌာန်
(ဂ) ရတနာပန်းတောင်း ပုံသဏ္ဌာန်
(ဃ) ကျွန်းကြီးလေးကျွန်းပုံသဏ္ဌာန်
(င) ထမင်းပွဲပုံသဏ္ဌာန်
(စ) အရန်ကျွန်းငယ် ပုံသဏ္ဌာန်
(ဆ) လဗိမာန်ဖွဲ့စည်းမှု ပုံသဏ္ဌာန်
(ဇ) နေ့ဗိမာန်ဖွဲ့စည်းမှုပုံသဏ္ဌာန်
(ဈ) ကြယ်တာရာဖွဲ့စည်းမှုပုံသဏ္ဌာန်
(ည) ငါးကြင်းမြီးအစုံ ပုံသဏ္ဌာန်
(ဋ) နွားသားအမိ ပုံသဏ္ဌာန်
(ဌ) ခြသေ့်မင်းပုံသဏ္ဌာန်
(ဍ) ဥပေါသထ ဆင်ပုံသဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



(၂) ကိုယ်ခန္ဓာ လက္ခဏာ (၁၆) မျိုး

(က) ထွန်းသစ်စ လရောင် ကဲ့သို့သော ကိုယ်ရေ အရောင်အဆင်း
(ခ) လက်ယာရစ်သော ချက်
(ဂ) လက်ယာရစ်သောခြေ
(ဃ) ရွှေဝါရောင်အဆင်း
(င) နက်ဝင်သောချက်
(စ) ရှည်လျားသွယ်လျသော လက်ချောင်း
(ဆ) နူးညံ့သိမ်မွေ့သော အင်္ဂါ
(ဇ) လုံးဝန်းကြီး၍ ပြန့်ပြူးသော သားမြတ်အစုံ
(ဈ) ဆင်မယဉ်သော သွားလာတတ်ခြင်းမျိုး
(ည) နွဲ့ပျောင်းသော ခါး
(ဋ) လုံးကျစ်သိပ်သည်းသော ကိုယ်လုံး
(ဌ) ဖွံ့ဖြိုးဖြောင့်စင်းသော ပေါင်တံ
(ဍ) ကိုယ်မွေးပေါက်ရောက်မှု နည်းပါးခြင်း
(ဎ) လိပ်ကျောက်ကုန်း ကဲ့သို့သော ခုံးသောအင်္ဂါ ပါရှိခြင်း
(ဏ) ကြာပန်းကဲ့သို့သော ကိုယ် ရနံ့ ရှိခြင်း
(တ) တင်ပါးဆုံ ခန့်ညား ပြည့်ဖြိုးခြင်း

အချို့သော ကိုယ်နေ ဟန်ထား လက္ခဏာများသည် တူညီသယောင်ယောင် ပြဆိုထား၏။ ဤသည်မှာ တူညီမှုကိုပြဆိုခြင်း



သာဖြစ်ပါသည်။ (ဥပမာ) ထွန်းသစ်စ လရောင် ကဲ့သို့သော ကိုယ်ရောင်အဆင်း၊ ရွှေဝါရောင်အဆင်း စသည်တို့မှာ အသား အရောင် လှပမှုကို အရောင်အသွေးအရ အမျိုးအစား ခွဲခြား ပါဝင်မှု ပေါင်းစုအကျုံးဝင်မှုကို ပြဆိုခြင်းဖြစ်ပါသည်။

(၃) စိတ်သဘောထား လက္ခဏာ (၆) မျိုး

(က) ဖြူစင်သော စိတ်နှလုံးရှိခြင်း။
(ခ) ကောင်းမြတ်သော သီလအကျင့် ရှိခြင်း။
(ဂ) ချစ်ခင်တွယ်တာတတ်မှုရှိခြင်း။
(ဃ) စင်ကြယ်သော သီလအကျင့်ရှိခြင်း။
(င) အရိပ် အခြည် သိမြင်မှု ရှိခြင်း။ အကင်းပါးမှု ရှိခြင်း။
(စ) မှန်ကန် ဖြောင့်မတ် တည်ကြည်သော သဘော ထားရှိခြင်း။

(၄) လက်ဖဝါးပြင်လက္ခဏာ (၉) မျိုး

(က) ကြာရတနာသင်္ကေတ
(ခ) ခရုသင်း သင်္ကေတ ပုံသဏ္ဌာန် (ဘိသိက်ခံ အခမ်း အနားတွင် မှုတ်သော ခရုသင်း ပုံသဏ္ဌာန်)
(ဂ) ပဒုမ္မာကြာမျိုးငါးပါး ပုံသဏ္ဌာန်
(ဃ) ချွန်တောင်းသင်္ကေတ ပုံသဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



(င) လှံတံ ပုံသဏ္ဌာန်
(စ) ထီးသွင်ပြင် ပုံသဏ္ဌာန်
(ဆ) နားတောင်း သွင်ပြင် ပုံသဏ္ဌာန်
(ဇ) တုရိုင်တိုင် ကဲ့သို့သောပုံသဏ္ဌာန်
(ဈ) နဖူးပြင်တွင် ပရမေသွတံကျင် သုံးခုကဲ့သို့ သွင်ပြင် လက္ခဏာပုံသဏ္ဌာန်

(၅) လည်ပင်းလက္ခဏာ (၁) မျိုး

(၁) လည်ပင်း အရေး အရစ် သုံးခုရှိခြင်း။

(၆) အသံလက္ခဏာ (၃) မျိုး

(က) ဟသ်ာကဲ့သို့သော သာယာ နာပျော်ဖွယ်အသံ။
(ခ) အဆို၊ အမိန့်၊ စကားဆိုရာတွင် သာယာ ညက်ညော ပြေပြစ်မှုရှိသော အသံ။
(ဂ) ဥဩငှက်ကဲ့သို့ ကြည်လင်ပြတ်သားဆွဲငင်မှုအရှိန်အဝါ ကောင်းသော အသံ။

(၇) မျက်နှာပုံသဏ္ဌာန် လက္ခဏာ (ဂ) မျိုး

(က) လဝန်းကဲ့သို့ ပြည့်ဖြိုး ဝိုင်းဝန်းသော မျက်နှာ
(ခ) ရှည်သောမျက်နှာ(မေးသွယ်သော မျက်နှာမျိုး)
(ဂ) နီရဲ၍ ပါးလျသော လှပသည့် နှုတ်ခမ်း ရှိသည့် မျက်နှာ



(ဃ) ဖြိုးမောက် ဖြောင့်စင်း ပေါ်လွင်သော နှာတံ
(င) ပြည့်ဖြိုးသော ပါးအစုံရှိသည့် မျက်နှာ
(စ) မွဲ၊ ဝက်ခြံ ကင်းမဲ့ပြီး ပြန့်ပြူးသော နဖူးပြင်ဝယ် တံခွန် အလံတိုင် ကဲ့သို့သော အရေးအရစ် ပါဝင်ခြင်း။

(အချို့က နဖူးကြောထောင်သော အမျိုးသမီးဟု တင်စား ပြောဆို ကြသည် ပုံသဏ္ဌာန်မျိုးကို ဆိုလိုပါသည်။)

(ဆ) နဖူးပြင်တွင် သွတ္တိကဟု ခေါ်သည့် အရေးအစင်းများ ပါဝင်ခြင်း။
(ဇ) နှာခေါင်း ချွန်ခြင်း။

မှတ်ချက်။ ။နှာခေါင်း ချွန်ခြင်း၊ ပွခြင်း၊ ပိ ပြားခြင်း၊ တိုခြင်း၊ နှာတံ ဖြောင့်မတ်ခြင်းကို ကြည့်၍ အချို့ ဗေဒင် လက္ခဏာ ကြည့်တတ်သူ ပညာရှင်များမှ စိတ်သဘောထားကို ဟောပြောခြင်း။ မွဲများကို ကြည့်၍ ဆင်းရဲ၊ ချမ်းသာ၊ ချစ်ခင်သူ ပေါများခြင်း၊မျက်ခုံး၊မျက်လုံးကိုကြည့်၍ ချစ်ခင်သူ ဝန်းရံခြင်း၊ တပါးသူအပေါ် ညှို့ယူဩဇာပေးနိုင်မှု ရှိခြင်း စသည့် ခန့်မှန်း ဟောပြောမှုများရှိသည်ကို သတိပြုမိပါ၏။ ဤသည်မှာ မျက်နှာ၊ မျက်ဝန်း၏ အရေးပါမှုကိုဖော်ထုတ်ခြင်း တမျိုးသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈) သွားအနေအထား လက္ခဏာ (၁) မျိုး

ညီညာ၍ မယိုင်သော၊ အစိတ်အကျဲ ညီသော၊ ယိုင်ခြင်း၊ ခေါခြင်း၊ ငေါထွက်ခြင်း၊ အတွင်းသို့ ခွက်ဝင်ခြင်း၊ ကင်းမဲ့သည့် သွားမျိုး။

အချို့သော စာပေ ပညာရှင်များ၊ ရုပ်လက္ခဏာ ကြည့်သူများမှ ဖြူဖွေး၍ ပုလဲလုံးကလေးများ စီရရီ သဏ္ဌာန်ရှိသော သွားအလှများကို ဖော်ထုတ် ချီးကျူးကြသည်ကို သတိပြုခြင်းအားဖြင့် သွားအလှ၏ ကောင်းခြင်းလက္ခဏာကို သိလိမ့်မည်ဟု ထင်ပါသည်။

အချို့ပညာရှင်ကမူ သွားကျဲခြင်း၊ ရှေ့သွား နှစ်ချောင်းကြီးခြင်း၊ သွားအစွယ်ပါခြင်း၊ သေးသွယ်သော သွား ရှိခြင်းများအပေါ် ကြည့်၍ စိတ်နေ သဘောထားများကို ခန့်မှန်းဟောကိန်း ထုတ်ဘတ်ကြ၏။ ဤသည်မှာလည်း ကောင်းခြင်းလက္ခဏာရုပ်များတွင် သွား၏ အရေးပါ အရာ ရောက်မှုကို အလေးထားကြောင်း သိသာလှပါသည်။



(၉) မျက်လုံးလက္ခဏာ (၄)မျိုး

(က) မကျဉ်း မကျယ် တင့်တယ် ရှန်းစောက်သော မျက်လုံး
(ခ) ပြာညိုသောမျက်လုံး(အချို့က ကြောင်မျက်လုံး ဟု ခေါ်ဝေါ်ကြပါသည်။)
(ဂ) တောက်ပ ကြည်လင်သည့် အရည်လည်နေသော မျက်လုံး
(ဃ) စိမ်းညို့သော မျက်လုံး

မျက်လုံး၏အင်အားသည် တပါးသူကိုအကြည့်ဖြင့်ဆမိန့်ပေး စေခိုင်းခြင်း၊ ညှို့ယူခြင်း၊ ဒေါသရောင်ကိုမြင်စေ၍ ကြောက်ရွံ့ လိုက်နာစေတတ်သော မျက်လုံးများ ရှိသည်ကို သတိပြုသင့် ပါသည်။

(၁၀) ဆံပင်အနေအထား လက္ခဏာ (၃)ပါး

(က) အဖျားကော့သောဆံပင်
(ခ) ရှည်လျား သန့်စွမ်းသော ဆံပင်
(ဂ) နူးညံ့ ပျော့ပျောင်းသောဆံပင်

မြန်မာမိန်းကလေးများ၏အလှတွင် ဆံပင်သည်ကေးခြင်း စာရပ်အနေဖြင့် အရေးပါလှ၏။ ဆံပင်၏ အလှသည် မျက်နှာ ပုံသဏ္ဌာန်ကိုပင် ပြောင်းလဲစေ၍ ဆံပင်၏ ကောင်းခြင်းဖြ

www.burmeseclassic.com



မိန်းကလေးများ၏ ရှိုက်ဖိုကြီးငယ်တို့ကို ဖုံးကွယ် နိုင်သည်ကို တွေ့ရပေသည်။

ဤဆိုခဲ့ပြီးသော မိန်းမတို့၏ ကောင်းခြင်း လက္ခဏာများကို မယ်တော်မာယာကထာ၌ ဖော်ပြဝါရှိသည်ကိုလည်း သတိပြုနိုင်ပါသည်။

သီဟနုမင်းနှင့် ပုဏ္ဏားတော်တို့ အမေးအဖြေပြုလုပ်ခန်းများ၌လည်း ပါဝင်သည်ဖြစ်၏။

မြန်မာတို့သည် ရုပ်လက္ခဏာကို အရေးထားလှသည် ဖြစ်၏။ (ဥပမာ) အသားအရေနီစပ်စပ်ရှိသည့် သူသည် ကိလေသာစိတ်၌ အင်အားကြီးမား၍ ဖောက်ပြန်မှုများသည်။ မေးရိုးကျယ်ကားသူသည် စိတ်နှလုံး ကောင်းမွန်သည်။ မြင်းမျက်နှာ ရှိသူသည် ကောက်ကျစ် စဉ်းလဲသည်။ နှမ့်းမောက်၊ နှာယောင်ကောက်၊ မျက်ထောင့်နီ၊ ဖနောင့်တိုသော လက္ခဏာရှိသူသည် ဘီလူး စိတ်ထားမျိုးရှိသည်ဟူ၍ မြန်မာမှုပတ်ဝန်းကျင်၌ ကြိုတင်ဟောကိန်းထုတ်မှုများ နယ်ပယ်ကျယ်ဝန်းလှသည်ကို ခန့် မှန်း နိုင် သည် ဖြစ်၏။

ဤသည်တို့မှာ ကောင်းခြင်းလက္ခဏာကို ရွေးချယ်ထုတ်နုတ်ရာ၌ အရေးပါလှကြောင်းကို အထောက်အထားအရ သိရှိထားရန် လိုအပ်ချက်များ ဖြစ်ပါသည်။

## မိန်းမတို့၏ ယောနိမဂ်ဆောင်ကြာနိမိတ်များ

ယောနိမဂ်ဆောင်ကြာနိမိတ်များကို မိန်းမ အမျိုးအစားဖော်ပြရာ၌ အသီးသီးဖွင့်ဆိုထားသည်ဖြစ်ပါသည်။ မိန်းမကျမ်းကို ပြုစုခဲ့သော ဆရာ ကာလိဒါသသည် လည်း ကောင်း၊ သာမုဒြိကလက္ခဏာ၊ ဒီပနီဋီကာကျမ်းဆရာများကလည်းကောင်း ယောနိမဂ်ဆောင်ကြာ နိမိတ်အမျိုးမျိုး၊ အရွယ်အစားပုံသဏ္ဌာန် အမျိုးမျိုးကို ဖွင့်ဆိုခဲ့သည် ဖြစ်၏။

ဤအမျိုးအစား သွင်ပြင်ပုံသဏ္ဌာန်များကို ကျွန်ုပ်၏ ယခင်ရေးသားပြီးခဲ့သော "ချစ်မေတ္တာနှင့် ဖိုမပြဿနာများ"

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်၍ အကျယ်တဝင့် ရှင်းပြရန် လိုမည်မထင်ပါ။

သို့ရာတွင် မည် သည့် ယောနိမက်များတွင် မိန်းမများကို မည်သို့ ကောင်းကျိုးချမ်းသာ ပြုစေနိုင်သည်ကို့မူ ဖော်ပြမည် ဖြစ်ပါသည်။ သို့ဆိုစေကာမူ ယောနိမက်သည် လူတိုင်း မမြင် အပ်သောအရာ ဖြစ်သည် ဖြစ်၍ အလွယ်တကူ အကဲခတ်နိုင်ရန် ခက်ခဲလှသည် ဖြစ်၏။ မိန်းမများအနေဖြင့် မိမိ၏ မွေးရာပါ အင်္ဂါသျှတ္တရဖြစ်၍ မိမိ၏အနာဂတ် ကောင်းကျိုးချမ်းသာကို မိမိ ကိုယ်တိုင် ခန့်မှန်းသိရှိနိုင်သည်ဖြစ်၏။ မည်သို့ဆိုစေကာမူ ယခု ဖော်ပြလတ္တံ့သော ယောနိမက် ကိုတင် ဟောကိန်းများသည် စာရေးသူ၏ပင်ကိုအသိမဟုတ်ပဲ ရှေးပညာရှိကြီးများ ရေးသား စီရင်အပ်သော ကျမ်းများမှ ကောက်နုတ်တင်ပြဖော်ပြခြင်းသာ ဖြစ်ကြောင်း ဝန်ခံလိုပေသည်။

ယခု ဖော်ပြသည့် ဆောင်ကြာနိမိတ် အညွန်းများကို ဆရာ ကာလိဒါသမှ ဥဇ္ဇေါနီပြည့်ရှင် စန္ဒဂုတ္တမင်းကြီးအား လျှောက် တင်ရာတွင် ထည့်သွင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။



ယောနိမက်ဆောင်ကြာ နိမိတ်များ

အကြင်မိန်းမများ၏အင်္ဂါသည် ဆင်ဦးကဲ့သို့ရှိမူ အကျိုး တထောင် ပွားများအံ့။

လဝန်းကဲ့သို့ရှိမူ ကောင်းသောအကျိုး ခံစားရအံ့။

မြင်းခွာကဲ့သို့ရှိမူ ဆင်းရဲခြင်း ရှိအံ့။

ကျီးနှုတ်သီးကဲ့သို့ရှိမူ လင်များအံ့။

ညောင်ဗုဒ္ဓဟောကဲ့သို့ရှိမူ ပုဏ္ဏားမယား ဖြစ်အံ့။

ပိန်းနှဲ့ရွက်ကဲ့သို့ရှိမူ ပညာရှိအံ့။ ရွှေငွေပေါများအံ့။

အထက်ဖော်ပြရာ၌ မြင်းခွာသဏ္ဌာန် ရှိခြင်းဆိုသည်မှာ မြင်း ကောင်း ခွာလိပ် အကျိုးပျက်ရသော နိမိတ်ကို ယူခြင်းဖြစ်၍ ပုဏ္ဏားမယားဖြစ်အံ့ဟုဆိုခြင်းမှာ သက်ဦးဆံပိုင်ခေတ်က ပညာရှိ ပုဏ္ဏားတော် ဇနီးမယားဖြစ်ရခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ ယခုခေတ်ကာလအရဆိုပါမူ ပညာတတ်၊ ပညာရှိ၊ ပညာရှင် စသော အသိပညာရှင် အတတ်ပညာရှင်များ၏ ဇနီးမယားဖြစ် တတ်သည်ဟု ဆိုလိုခြင်း အဓိပ္ပာယ်ဖြစ်ပါသည်။

မှန်သည် မှားသည်ကို မဆိုလိုသော်လည်း ဗဟုသုတ အရာ ရရှိစေခြင်းဖြင့် လည်းကောင်း၊ မြန်မာ့ရှေးပညာရှိတို့၏ အဆို အမိန့်များသည် မည်သည့်အထိ အကျိုးသက်ရောက်မှုမှန်မမှန်ကို စဉ်းစား ဝေဖန်သင့်သော အချက်များအဖြစ် မှတ်ယူသင့်၏။ အချို့သော ဆရာဝန် ဆရာမ၊ ဝမ်းဆွဲ သူနာပြု စသော အလုပ် အကိုင် ရင့်ကျက်သူတို့သည် အခွင့်အခါကြုံကြိုက်သဖြင့် လာဝန်

www.burmeseclassic.com

www.burmeseclassic.com



အရ အမျိုးသမီးများ၏ ယောနိမဂ်ကို မျက်ဝါး ထင်ထင် တွေ့မြင်ရသည်များ ရှိကြပါသည်။ ဤသို့ ဆုံဆည်းခွင့်ရသည့် အခိုက်၌ပင် အမျိုးသမီးများအား လင်ယောကျ်ားမှ မည်မျှထိ စွဲလမ်းချစ်ခင်စုံမက်သူဖြစ်ရမည်။မကြာခဏအိမ်ထောင်ရေးပြိုကွဲမှုများ ဖြစ်ရတတ်သည်။ သားသမီး အနီးအဝေးမည်သို့ရှိမည်။ ဆင်းရဲချမ်းသာကို မည်သို့ခံစားရမည် စသည်ဖြင့် ပြောဆိုကြခြင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ဖူးပါသည်။

ဆိုလိုသည်မှာ ပါရဂူအရာမြောက်သော ဟောပြောခန့်မှန်းနိုင်သူ မဟုတ်စေကာမူ အတွေ့အကြုံ ဗဟုသုတအရ နီးနီးစပ်စပ်ကြုံတင် ဟောကိန်းထုတ်နိုင်မှုများ အမှန်တကယ် ရှိနေသည်ကို ဆိုလိုရင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ရှေးပညာရှိကြီးများ၏ အဆိုအမိန့်များ မည်မျှအထိ မှန်ကန်သည်ကို ကြိုတင် လေ့လာ သိရှိနိုင်ရန်အတွက် တင်ပြခြင်းသာဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။

## ဆောင်ရန် ရှောင်ရန် လက္ခဏာပြမိန်းမများ

ဤဆောင်ရန် ရှောင်ရန် လက္ခဏာပြမိန်းမများကို စာရေးသူအနေဖြင့် သီးခြားကင်းလွတ်စွာဖော်ပြခြင်းမဟုတ်ပါ။ စာရေးသူသည် ဗေဒင်လက္ခဏာ ပညာရပ်များကို ရှာဖွေလေ့လာဆဲ ပညာမစုံသော ကာလတွင် ရှိနေသူဖြစ်ပါသည်။ ယခုရေးသားတင်ပြအပ်သော လက္ခဏာပညာရပ်များသည် ဆရာကာလီဒါသ၏ ကာမသျှတ္တရကျမ်းပါ ဖော်ပြချက်များကို ဗဟုသုတ ရစေခြင်းငှာ ရေးသားတင်ပြအပ်ခြင်းဖြစ်ပါသည်။

အကြင်မိန်းမသည် သလုံးမြင်းခေါင်းကြီးအံ့။ ခြေချင်း လက်မွေးများအံ့။ မြင်း ဦး ခေါင်း ကဲ့သို့ရှိအံ့။ လက်ကောက်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



အကြားမှ ချွေးများစွာထွက်အံ့။ နှုတ်ခမ်းကျယ်အံ့။ ရယ်ရွှင်ဝိုကြွေးတတ်အံ့။ ထို မိန်းမမျိုးသည် လင်၏ အတင်းကို ပြောတတ်၏။

အကြင်မိန်းမသည် သွားကြီးအံ့။ အသူရာ၏အသံကဲ့သို့သော အသံရှိအံ့။ ထို မိန်းမသည် ဘီလူးနှင့်တူသော မိန်းမ တည်း။ ထို မိန်းမ၏လင်သည် သေတတ်၏။

အကြင်မိန်းမသည် အသံကြီးအံ့။ လင် ယောကျ်ား ကို ငြင်းခုံတတ်၏။ အမျိုးယုတ်လျက် မြတ်လေဟန်မူ၍ ဆိုတတ်၏။ ထို မိန်းမမျိုးကို သားသမီးတရာပင်ရှိစေသော်ငြားလည်း စွန့်ပစ်တတ်၏။

အကြင်မိန်းမသည် သွားကျဲအံ့။ လက်ညှိုးလက်မ စိမ်းအံ့။ ခြေသည်း နီရဲသောအဆင်းရှိအံ့။ မိဖုရား ဖြစ်ထိုက်၏။

အကြင်မိန်းမသည် ကြာကဲ့သို့ နှုတ်ခမ်းရှိအံ့။ ကွမ်းမစားပဲ နီရဲလှသော နှုတ်ခမ်းရှိအံ့။ ရှုချင်သဖွယ်တည်ငြိမ်သောဣန္ဒြေရှိအံ့။ မျက်နှာ လပြည့်ဝန်းသို့ရှိအံ့။ ထို မိန်းမသည် ဘုန်းကံရှိသော မိန်းမတည်း။ လင်ကိုရိုသေတတ်၏။ မြတ်သော အိမ်ရှင်အရာပြုထိုက်၏။ တဖန် မျက်လုံးညိုအံ့။ မျက်ဆန်လှပအံ့။ ထို မိန်းမသည် အိမ်ရှင်ပြုထိုက်၏။

အကြင်မိန်းမသည် မြင်းခေါင်းကြီးအံ့။ ခြေမွေးလက်မွေး များအံ့။ မျက်ရည်ခံ အမာရွတ်မှဲ့ရှိအံ့။ လက်ကတီးကြား ချွေးထွက်အံ့။ နှုတ်ခမ်းကြီးအံ့။ ဝမ်းမွေးရောက်အံ့။ မျက်တောင်မွေးမရှိ၊ မျက်လုံးကန်းသူသို့ရှိအံ့။ တင်ပါးဆုံကြီးအံ့။ ထိုမိန်းမသည် လင်ကိုသတ်သူနှင့်တူ၏။



အကြင်မိန်းမသည် လက်ဖဝါး စကြာကဲ့သို့ရှိအံ့။ တံခွန်အရောင်ကဲ့သို့ရှိအံ့။ ဇလပ်ပန်းအရောင်ကဲ့သို့ရှိအံ့။ ညောင်စောင်းအရောင် ခရုသင်းအရောင်ရှိအံ့။ ထို မိန်းမသည်မိန်းမမြတ်တည်း။ မိဖုရားဖြစ်ထိုက်၏။

အကြင်မိန်းမသည် သားမြတ်အကြား စိပ်အံ့။ သားမြတ်ကြီးအံ့။ သားမြတ်စေ့အံ့။ ရင်ကြားအံ့။ လည်ကျယ်အံ့။ ကြာသွတ်အိုးကဲ့သို့ရှိမူ ထိုမိန်းမသည် စည်းစိမ်ကြီးသော လက္ခဏာတည်း။ ကိုယ်စိတ်နှလုံးစောင်အံ့။ လင်ကိုရိုသေအံ့၊ အသက်ကြီးသောသူ၊ ဂုဏ်ကြီးသောသူ၊ မိဘပညာရှိတို့ကို ရိုသေအံ့။ ဥစ္စာပစ္စည်းကို စောင့်၏။ ထိုမိန်းမမျိုးကို အိမ်ထောင်ပြုထိုက်၏။

အကြင်မိန်းမသည် မျက်ဆန်နီအံ့၊ မျက်နှာအောက်သို့ရှိအံ့၊ သူတပါးရှေ့ ရှုံးရှုံးရွှားရွှားပြုမူတတ်အံ့၊ မျက်နှာထားဆိုးအံ့။ လင်မသိအောင် ဥစ္စာကိုခိုးယူတတ်၏။ ခရီးသွားရာ သူ့လင် သူ့သားကို ရင်တီးလက်ခတ် ရယ်ရွှင်မှုပြုတတ်၏။ ခုနစ်အိမ်ရှစ်အိမ်ကြား အသံတကြော်ကြော်ရှိတတ်၏။ ကျီးမျက်နှာကဲ့သို့ချွန်အံ့၊ ထို မိန်းမသည် မကောင်း။ လင်သေများအံ့၊ လူမုန်းများအံ့၊ မကောင်းသော မိန်းမတို့တည်း၊ ရှောင်သင့်၏။

အကြင် မိန်းမသည် ကွမ်းမစားပဲ ထန်းသီးမှည့်အညာကဲ့သို့ နှုတ်ခမ်းရှိအံ့။ ရယ်လျှင် ရှုချင်စဖွယ်ရှိအံ့၊ မျက်လုံးညိုအံ့၊ ပြောဆိုသောစကား နူးညံ့သာယာအံ့၊ ပဋိသန္ဓေရှိသော်လည်း သန့်ရှင်းပြေပြစ်သောစကား ဆိုတတ်အံ့။ လင်ကိုလည်း ရိုသေလေးစား၏။ သွားသော် ဝမ်းဘဲတန်ကဲ့သို့ရှိအံ့၊ ခြေသည်း လက်သည်း ဒန်းဖြင့်ဆိုးသကဲ့သို့ရှိမူ ယောကျ်ားကို ကြိုက်တော

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ချစ်တတ်၏။ ဆောင်းလအခါ ကိုယ်ရှိန်နွေးနွေးရှိအံ့၊ နွေအခါ ချမ်းမြသောကိုယ်ရှိအံ့၊ ထိုမိန်းမသည် ဘုန်းကံရှိသော မိန်းမမြတ်တည်း။

အကြင်မိန်းမသည် အလုပ်အကိုင်မလုပ်ရပဲ လက်ခြေပေါက်သော်၊ ခြေဆီ လက်ဆီထွက်သော် ထို မိန်းမသည် ချမ်းသာရသော မိန်းမဖြစ်၍ အိမ်ရှင်ပြုထိုက်၏။

ချက်မွေးရောက်သော မိန်းမကား လင်ကိုမြတ်နိုးရှိသေ၏။ အထက်သို့ညို၍ မျက်နှာသေးငယ်သော မိန်းမကား လျှပ်ပေါ်လော်လည်အံ့၊ ငိုဖန် ရယ်ဖန်များလျက် မနေမနားစကားဆိုမည်တတ်အံ့၊ ငြိမ်းချွေ့တတ်အံ့၊ ခြေကိုတလှုပ်လှုပ်ပြု၍နေတတ်အံ့၊ ထိုမိန်းမကား လင်သုံးယောက်ကင်းအံ့။

အကြင်မိန်းမ၏ဗိဇတွင် ကျောက်တိုင်၏ အစွန်အဖျား၌ အမွေးပင်ရောက်အံ့၊ ထို မိန်းမသည် လင်သေမျှားအံ့၊ အလုပ်အကြံပေါ့အံ့၊ ပျင်းရိအံ့။

အကြင်မိန်းမ ဘီလူးမျက်နှာကဲ့သို့ မျက်လုံးကွင်းကွင်းရှိမူ၊ ထိုမိန်းမသည် လင်နေသော်လည်း လင်နှစ်ယောက် သေအံ့။ သစ်ပင်အောက်၌နေသော် သစ်ပင်စောင့်နတ် သေအံ့။

အကြင်မိန်းမသည် ဗိဇ၌ အမွေးပေါက်မူ လင်နှင့် အတင်းများအံ့၊ ရင်၌လည်းကောင်း၊ ဝမ်း၌လည်းကောင်း အမွေးပေါက်မူ လင်ကို ချစ်ခင်တတ်အံ့။ နှုတ်ခမ်းကြီးသော မိန်းမသည် လင်ခုနှစ်ယောက် ကန်းအံ့၊လက်ဖဝါးကြီးသော်၊ သွားဖုံးမည်းသော် လင်၏အသက်ကို ရန်ရှာအံ့။



အကြင်မိန်းမသည် လက်ဖျံရှိုးတိုသော်၊ ပေါင်ကြီးသော်၊ နှာခေါင်းရှည်သော်၊ လက်ဖျားဖြောင့်ချွန်သော်၊ ကိလေသာ၌တပ်မက်၏။ လင်ကိုဆဲရေးတတ်၏။ ငိုတတ်သော ငိုယောင်ရယ်ယောင်များသော မိန်းမတို့ကား ဘီလူးမနှင့်တူ၏။ မကောင်း၊ ရှောင်ပါလေ။

အကြင်မိန်းမသည် အိမ်ထောင်မှုကို လုပ်ဆောင်ဆဲ မျက်စောင်းထိုးတတ်၏။ စကားတုံ့ဆပ် သူတပါးနှင့် ပြောဆိုတတ်၏။ ထိုမိန်းမကား လင်နှင့်မသင့်၊ ရှောင်လေ။

အကြင်မိန်းမသည် ကျီးနှုတ်သီးကဲ့သို့ရှိအံ့။ ယောနိ လက်ထိအက်သို့သော စောင်းအံ့၊ ထိုမိန်းမကို ပေါင်းသင်းမူ ဆင်းရဲတတ်အံ့၊ ပျက်စီးတတ်အံ့။

အကြင်မိန်းမသည် မေးချွန်၍ ကိုယ်ကျုံ့အံ့၊ လင်များတတ်၏။ လည်ကုပ်တိုသော မိန်းမ၊ နောက်စေ့ကြီးသော မိန်းမ၊ ရင်ကျယ်သော မိန်းမကား လင်သေများအံ့။

အကြင် မိန်းမသည် နှုတ်ကျယ်အံ့၊ နှာခေါင်းရင်းစေ့အံ့၊ မျက်လုံးမှေးစင်းအံ့၊ ထိုမိန်းမသည် လင်နှင့်မတည်ရာ၊ နားရွက်ချွန်အံ့၊ မျက်လုံးကျယ်အံ့၊ နှုတ်ပြင်တိမ်အံ့၊ လည်ချောင်း ရှည်လျားအံ့၊ ထိုမိန်းမကား လင်များတတ်၏။ ကိုယ်ကျုံ့၍ ဦးခေါင်း သေးငယ် သော မိန်းမကား လင် သုံး ယောက် မြောက်၏။

အကြင်မိန်းမသည် မြင်တွေ့သောအခါ စကားအရာ နှာမှုဆိုတတ်အံ့၊ နှုတ်ခမ်းကြီးအံ့၊ မျက်ချောင်နက်အံ့၊ ထိုမိန်းမကား ဆင်းရဲတတ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



အင်္ကြင်မိန်းမသည် ကျောပြင်ရှည်အံ့၊ ခြေတိုအံ့၊ ထိုမိန်းမသည် မိမိချစ်သော လင်ကို ရသည်။ ကိုယ်ကြုံလှီ၍ အသားညိုညို ရှိမူ ဥစ္စာမတည်ရာ။

အင်္ကြင် မိန်းမသည် သခွားသီးမှည့် ကဲ့ သို့ အသားနီရောင် ရှိအံ့၊ သားသမီးအကျိုးမခံစားရတတ်၊ လင်နှင့်ကင်းအံ့၊ သား သမီးနှင့်ကွေကွင်းရတတ်သည်။

အင်္ကြင် မိန်းမသည် နားရိပ်၌ နားရိပ်ခိုအံ့၊ မှဲ့ရှင် ရှိအံ့၊ အင်္ဂါစပ်၌ မှဲ့ရှင်ရှိအံ့၊ ထိုမိန်းမသည် ကာမဂုဏ်ကြူးသည်ဖြစ်၍ လျှပ်ပေါ်လော်လည်အံ့၊ သူ့ လင်သားကိုဖျက်ဆီးတတ်၏။ မြင်သမျှ ယောကျ်ားကို ဟာပ်မက်တတ်၏။ ပရိယာယ် မာယာ များ ၏။ ထိုမိန်းမကား မိန်းမယုတ်တည်း။

အင်္ကြင်မိန်းမသည် သားမြတ်လေးလုံးရှိအံ့၊ ထိုမိန်းမသည် မိမိ လင်ရှိသော်လည်း ယောကျ်ားတပါးတို့နှင့် ကာမဂုဏ်အရာ၌ ပျော်မွေ့လိုသော ဆန္ဒအာသာ မပြတ်ရှိ၏။

အင်္ကြင်မိန်းမသည် လင်ကောင်ပိုးငှက်နှင့် တူသော မျက်နှာ ရှိ ၍၊ အသံမှာ ပွတ်ဆွဲသံကဲ့သို့ ရှိအံ့၊ ထိုမိန်းမသည် သူ့ လင်ကို ယူတတ်၏။ လင်ကြီးရှိလျက် လင်ငယ်ယူတတ်၏။ စဉ်းလဲခြင်း များတတ်၏။

ပဒုမ္မနီမိန်းမမျိုးကား ယုန်၊ မြောက်ကဲ့သို့သော ပေါင်းဖော် ခြင်းမျိုးကို အလိုရှိ၏။

စိတ္တရနီမိန်းမမျိုးကား ကျား၊ မိကျောင်းကဲ့သို့ ပေါင်းဖော် ခြင်းမျိုးကို အလိုရှိ၏။



သင်္ခနီမိန်းမမျိုးကား မြွေ၊ ငှက်ကဲ့သို့ ပေါင်းဖော်ခြင်းမျိုးကို အလိုရှိ၏။

ဟတ္ထနီ မိန်းမမျိုးကား မြင်းကဲ့သို့သော ပေါင်းဖော်ခြင်း မျိုးကို အလိုရှိသည်ဖြစ်၏။

ဤသည်တို့မှာ မိန်းမများအပေါ် ဆောင်ရန်၊ ရှောင်ရန် အချက်များ ဖြစ်လေသည်။ သို့သော် ယခု ဖော်ပြပြီးခဲ့သော အချက်များသည် မိန်းမတိုင်း၌ မကောင်းမှု ကောင်းမှု လွန်ကဲ စွာ ရှိသည်ဟု တဘက်သတ် မယူဆသင့်ပေ။

မကောင်းမှု ကောင်းမှု ဒွန်တွဲနေတတ်သည်ဖြစ်၏။ ထိုဒွန်တွဲ နေမှုတို့တွင် မကောင်းမှု၏ အားများခြင်း၊ ကောင်းမှု၏ အား များခြင်း စသည်တို့ကို ချင့်ချိန် တွက်ဆ၍ သိပ္ပံနည်းကျကျ တွက်ချက် မှတ်သားသင့်ပေသည်။

မိန်းမတဦးသည် မကောင်းမှုလက္ခဏာများ ရှိနေသော်လည်း ကောင်းမှုလက္ခဏာတို့ များပြားက မကောင်းမှုကို ကောင်းမှု တို့မှ ထိန်းကွပ်ပြီး ကောင်းမှုအရာ၌ တည်စေနိုင်သည်ကို ဖြည့် စွက် မှတ်သားသင့်ပေသည်။

လူကို လေ့လာရာ၌ ဗီဇ၊ ပတ်ဝန်းကျင် အဆင့်အတန်း၊ အကျင့်သီလ၊ ဥစ္စာဓနပြည့်စုံမှု၊ ပညာအမြော်အမြင်ရှိမှု၊ အကင်း ပါးမှု စသည်တို့ဖြင့် တွက်ချက်စဉ်းစားရသည်ဖြစ်၏။

အမျိုးအစား မညီမျှကောင်းနေစေကာမူ ဓနဥစ္စာမပြည့်စုံမှု၊ ပတ်ဝန်းကျင်၏ဖောက်ပြန်ဆွဲဆောင်မှု၊ လူမှုဘဝ အခြေ မမှန် ကန်မှု၊ ပညာအမြော်အမြင် အသိအမြင် နည်းပါးမှု တို့ကြောင့် ပျက်စီးရခြင်းများ ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေဒင်၊ လက္ခဏာ နက္ခတ်ဆရာတို့ကလည်း မွေးဖွားရာဇာတာ ခွင် နက္ခတ် အလှည့်အပြောင်း၊ ဂြိုဟ်အလှည့်အပြောင်း စသည် တို့နှင့် ချင့်ချိန် တွက်ဆကြ၏။ ဥပမာ အသက်လမ်းကြောင်း ပြောင့်ဖြူးမှုရှိသော လက္ခဏာပညာရှင် ဖြစ်စေကာမူ အသက် လမ်းကြောင်းကို ဖောက်ဖြတ်သော မကောင်းသည့် လက္ခဏာ အမှတ်အသား အရေးအစင်းများရှိနေပါက ထိုသူသည် ကျန်း မာရေး အကြီးအကျယ်ချွတ်ယွင်းမည်။ သေကိန်းရှိသည်။ ထိခိုက် ဒဏ်ရာ ရရှိနိုင်သည်။ တပါးသူ၏ ဘေးဥပဒ်ဖြင့် သေစေနိုင် သည်ဟု တွက်ချက်သည် များရှိ၏။

ထို့အတူပင် မိန်းမများကို ရှုမြင်ရာ၌လည်း မကောင်းမှု ကောင်းမှု ဒွန်တွဲ ပါဝင်နေမည်ဖြစ်၍ မကောင်းမှု၊ ကောင်းမှု အင်အားအနည်းအများရှိတတ်သည်ကို အသေအချာ မှတ်သား သင့်၏။

စင်းလုံးချောကောင်းသူ၊ လုံးဝ ညံ့ဖျင်းသူ ဟူ၍ ရှားပါး လှသည်ဖြစ်၍ မိန်းမဆိုလေတိုင်း မကြောက်သင့်ပေ။ မိန်းမများ သည် ယောကျ်ားများနည်းတူ အသက် အပိုင်းအခြား အရေး အများအမှန် ရှိတတ်သည်ကို သတိပြုသင့်၏။ ဆိုပါစို့၊ အသက် တဆယ့်သုံးနှစ်မှ တဆယ့်ရှစ်နှစ် အကြား မိန်းကလေးများ သည် သွားလာရာ၌ မတည်ငြိမ်မှု၊ ယောကျ်ားကလေးများနှင့် အစဉ်ပူးတွဲ နေတတ်မှု၊ ရည်းစားများစွာရှိသည် ဆိုပါအံ့။ ထိုမိန်းကလေးကို တသက်တာလုံး ပျက်စီးတတ်သူ ဟူ၍ မမှတ် ယူသင့်ပေ။ ထိုမိန်းကလေးတို့သည် မည်မျှအထိ အမျိုးအစား ကောင်းမွန်နေသည်မှန်သော်လည်း ဟိုမှန်းအား၊ တနည်းအား



ဖြင့် သွေးသားဆူဖြိုးလွန်းသော အရွယ်ဖြစ်၍ အသွေးအသား ဆူဖြိုးမှု၏ တိုက်တွန်းစေ့ဆော်မှုအရ အမှန်တရားကို မရှာတတ် ကြသေးသော အရွယ်များ ဖြစ်တတ်ကြလေသည်။

သူတို့၏အသိဉာဏ်ကို အသွေးအသား ဆူဖြိုးမှုတို့က ဖုံးလွှမ်း အုပ်မိုးထားသည်ဖြစ်၏။ ထိုအရွယ် တို့ကို အင်အား သုံးရသော အားကစားအရာ၌လည်းကောင်း၊ အလေးအပင် တာဝန် ယူရ သည့် စီးပွားရေး လုပ်ငန်းများတွင်လည်းကောင်း၊ ဂီတ အနု ပညာ သင်ကြား နှစ်မြှုပ်ခြင်း၊ ဦးနှောက်ကိုအလုပ်ပေးရသော စာပေတို့၌ လည်းကောင်း အစားထိုး မြှုပ်နှံခြင်းဖြင့် ဘဝ အဆစ်အပိုင်း အချိုးအကွေ့ကို လွန်မြောက်စေရမည် ဖြစ်ပေ သည်။

မည်သို့ဆိုစေကာမူ မိန်းကလေးများကို လုံးဝ အပြစ် ဟူ၍ ကြိုတင် မမြင်သင့်ပဲ ဖြစ်ပျက် ပြောင်းလဲမှု သဘောကိုသာလျှင် ဝေဖန်သုံးသပ်သင့်၏။ ထိုသို့သော အခြေအနေတွင် ဆောင်ရန် ရှောင်ရန် လက္ခဏာရပ်များသည်လည်း များစွာ အထောက် အကူပြု ပါဝင်နေသည်ကို လုံးဝ သတိထားသင့် လှသည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမတို့၏ ရုပ်လက္ခဏာနှင့် အကျိုးအပြစ်များ

(၁) အကြင် မိန်းမသည် လက်ဝါးပြင်၌ ချွန်းတောင်း သဏ္ဌာန်၊ နွားတောင်းပုံသဏ္ဌာန်ပါရှိမူ မိဖုရားဖြစ်၍ သားကောင်းကို ရတတ်၏။

(၂) လက်ဝါးတွင် တံခါးတိုက် ပုံအသွင်ကဲ့သို့ အရေး ရှိမူ အမျိုးယုတ်၍ အစေခံ ဖြစ်စေကာမူ မင်းမိဖုရား ဖြစ်ထိုက်၏။

(၃) ဆံပင်သည် ကောက်၏။ မျက်လုံးစိမ်းစိမ်း ရှိ၏။ ချက်သည် လက်ယာရစ် လည်၍ တည်ရှိ၏။ ထိုမိန်းမ



သည် မိမိအိမ်တွင် မိဘ လင်သားတို့အား ချမ်းသာ သုခကို ပွားစေတတ်၏။

(၄) ဦးခေါင်းထိပ် အလယ်၌ လက်ယာရစ်သော ဆံစွဲ ရှိငြားအံ့၊ ထိုမိန်းမသည် မင်းဖြစ်ထိုက်သော သား ကောင်း ရတနာကို ဖွားမြင်တတ်၏။

(၅) ဟင်္သာမင်းကဲ့သို့သော အသံရှိသည်ဖြစ်၏။ တင့်တယ် သော ကိုယ်ဟန် အမူအရာရှိသည် ဖြစ်အံ့၊ ထိုမိန်းမ သည် ရန်သူတကာကို အောင်မြင်နိုင်သူ ဖြစ်၏။

(၆) လက်တံ ရှည်ခြင်း၊ မျက်နှာ ရှည်ခြင်း၊ သေးငယ် သော ကိုယ်အင်္ဂါရှိခြင်း၊ ရှည်သောဆံပင် ရှိခြင်းတို့ နှင့် ပြည့်စုံပါက ထိုမိန်းမသည် အဆွေ ခင်ပွန်း၊ ချစ်လင်၊ သားသမီးတို့ကို အသက်ရှည်စေ တတ်၏။

(၇) အပြောအဆို သာယာခြင်း၊ ချစ်ခင်တတ်ခြင်း၊ ဆင်ခြင် ခြင်း တိုင်းထွာ ဉာဏ်အမြော်အမြင် ရှိခြင်း၊ ဇည် ကြည် ဖြောင့်မတ်ခြင်း၊ သားမြတ် ရှည်ခြင်း၊ သား မြတ် ကြီးခြင်းတို့နှင့် ပြည့်စုံပါက မိဖုရား ဖြစ်စေ တတ်သည်ဖြစ်၏။

(၈) နဖူးပြင်တွင် မှဲ့၊ ဝက်ခြံ၊ အညစ်အကြေး ကင်း၍ တံခွန်တိုင်သဖွယ် ထစ်ကြောင်းတည်းသော အရေး အစင်းများရှိပါက ထိုမိန်းမသည် အနှစ် တရာတိုင် အသက်ရှည်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



(၉) နှုဖူးပြင်၌ မရှည်လွန်း၊ မတိုလွန်းသော အရေးသုံးကြောင်း ပါက ထင်ရှားပါက ထိုမိန်းမကို အနာရောဂါမပြတ် နှိပ်စက်တတ်၏။

(၁၀) နှဖူးပြင်တွင် သွတ္တိက အင်းနှင့်တူသော အရေးအကြောင်း ရှိအံ့၊ ထိုမိန်းမကို ချမ်းသာခြင်း အမြဲပွားစေတတ်၏။

(၁၁) လိပ်ကုန်းကဲ့သို့သော ကျောရှိသည်ဖြစ်အံ့၊ ဆင်၏လက်ကဲ့သို့သော ပုံသဏ္ဌာန်ရှိအံ့၊ ပဒုမ္မာ ကြာရနံ့ကဲ့သို့ အနံ့ရှိသည် ဖြစ်အံ့၊ နှာသီးချွန်သော၊ နှာယောင် ကျယ်သော ငါးမျိုးသော မိန်းမတို့ ဖြစ်ငြားအံ့၊ ထိုမိန်းမ ငါးဦးတို့သည် ဘုန်းကျက်သရေကို ဆောင်နိုင်သောမိန်းမတို့တည်း။

(၁၂) လက်သူကြွယ်နှင့် ညီမျှ၍ လက်ညှိုး လက်သန်းတို့သည် မြေသို့ ဦးစိုက်၍ တစ်ခုနှင့်တစ်ခု ထိငြားအံ့၊ ထိုမိန်းမသည် လင်သုံးယောက် သေ၍ မုဆိုးမ၌တည်ရာ၏။ ထို့အတူ ခြေလေးချောင်းသတ္တဝါတို့၌လည်း မှတ်ယူပါလေ။

(၁၃) ကြမ်းတမ်းခက်ထန်သောမျက်လုံးရှိ၏။ ခိုငှက်ကဲ့သို့ မျက်လုံးတည်ရှိ၏။ မကောင်းသော အကျင့် ရှိ၏။ မြင်းခေါင်းသည် ကြီးသည် ဖြစ်၏။ ထိုမိန်းမသည် လင်ကို သတ်တတ်၏။



(၁၄) ဆံပင်အလုံးကြီးသော၊ လည်၌ပေါက်သည့် ဆံရှိသော၊ လက်ညှိုးသဏ္ဌာန် ဦးခေါင်း လျားသော၊ နီသောဆံပင်ရှိသော၊ နီဖြူကြောင်သော မျက်လုံးရှိသော မိန်းမတို့ကို စွန့်ပစ်ရာတည်း။

(၁၅) အဖျားခွဲ၍ခွသော ဦးထိပ်ဆံရှိသည့်မိန်းမကို ပြည့်ရှင်မင်းတို့ သည်ပင်လျှင် စွန့်ပစ်ကုန်ရာ၏။

(၁၆) မျက်လုံးသည်ကြီး၏။ ဆံပင်ရှည်၏။ ထိုမိန်းမသည် အသက်ရှည်ရာ၏။ ဥစ္စာစပါး ပေါများ ကြွယ်ဝရာ၏။

(၁၇) ညိုသောဆံပင်ရှိ၏။ နူးညံ့သောဆံပင်ရှိ၏။ လှသောမျက်နှာရှိ၏။ မျက်ခုံးနှစ်ဘက်လှပ၏။ ခါးစောင်းနှစ်ဘက် ပြေပြစ် လှပ၏။ ထို မိန်း မ မျိုး ကား ချမ်းသာကို ပွားစေသည်။

(၁၈) ရွှေသောအဆင်းရှိသည်ဖြစ်၏။ ကျယ်သောမျက်လုံးရှိ၏။ ကြည့်ရှုဟန်တင့်တယ်၏။ ကိုယ်အသားအရေချောမွေ့ ပြေပြစ်၏။ ပဒုမ္မာကြာရွက်ကဲ့သို့ စိမ်းသောမျက်လုံး၊ မကျဉ်းသောမျက်လုံးရှိ၏။ ထိုမိန်းမသည် သားသမီးများစွာ မွေးဖွားတတ်လေသည်။

(၁၉) လက်ဝဲဘက် သားမြတ်၌ လည်းကောင်း၊ လက်၌လည်းကောင်း၊ လည်ပင်း၌ လည်းကောင်း မှဲ့ရှိအံ့၊ ထိုမိန်းမသည် ချမ်းသာကို ဆောင်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၂၀) အကြင် မိန်းမ၏ ခြေနင်းသံ ပြင်းထန်မှုကြောင့် မြေကြီးသည် တုန်လှုပ်အံ့၊ ထိုမိန်းမသည် လင်နေ့တိုင်း လင်သေရအံ့။

(၂၁) ခြေသူကြွယ်သည် မြေသို့မထိပဲ ရှိအံ့၊ ထိုမိန်းမ၏ လင်သည် သေတတ်၏။

(၂၂) ခြေကို ရှပ်တိုက်၍ သွားလာတတ်သည် ဖြစ်၏။ ပေါင်တံနှစ်ဘက်ကိုလည်း စု၍ သွားလာတတ်သည် ဖြစ်၏။ ထိုမိန်းမသည် မင်း၌ ဖြစ်သော်လည်း ကျွန်ဘဝသို့ ရောက်တတ်၏။

(၂၃) များစွာသော ကိုယ်မွေးတို့သည် ဦးခေါင်းတလုံးသို့တိုင် ရောက်သောဆံရှိသည် ဖြစ်၏။ သွားခေါ်၏။ ထို မိန်းမသည် ဆယ်ယောက် ထား၍ မကောင်းကျင့်တတ်၏။

(၂၄) လက်ချောင်းသည် ရှည်၏။ မျက်နှာသည် ရှည်၏။ လက်မောင်းသည် ရှည်၏။ ဦးခေါင်းသည် ရှည်၏။ သွားရှည်၏။ ထိုမိန်းမတို့သည် အသက်ရှည်၍ လင်ယောကျ်ားတို့အား ဘေးကင်း စေတတ်သည်။

(၂၅) ကြီးသောသားမြွတ်သည် အောက်သို့ တွဲလွဲကျပြီးမှ တဖန် အထက်သို့ ကော့၍ တက်ပြန်၏။ ထိုမိန်းမ၏ လင်သည် သေအံ့သတည်း။

## ယောကျ်ားတို့အကြောင်း

လောကလူ့ကမ္ဘာတွင် လူတို့သည် ဂီတဖြင့် လည်းကောင်း၊ ပန်းချီပန်းပုအနုပညာဖြင့်လည်းကောင်း၊ စာပေပညာဖြင့်လည်း ကောင်း၊ မိန်းမများ၏အလှ၊ မိန်းမများ၏အပြစ်အနာအဆာ များကို ရေးသား မှတ်တမ်းတင်ကြသည်က များလှပေသည်။

တနည်းအားဖြင့် မိန်းမတို့၏ အလှသည် သတ္တလောကဝန်းကျင်တခုလုံးကို လွှမ်းမိုးထားနိုင်လွန်းလှသည်ဟု ထင်မြင်ပါသည်။ ထိုထင်ပေါ်လွန်းသောရုပ်ဝတ္ထုတခုလုံးကို လူတို့သည်ချိန်ရတိုင်း စိတ်ဝင်စားစွာ လေ့လာမှုပြုခဲ့ကြ၍လားမသိ။ မိန်းမတို့

www.burmeseclassic.com

www.burmeseclassic.com



၏ အပြစ်အနာအဆာများကို မြောက်မြားစွာ ထင်ထင်ရှားရှား ဖွင့်ထုတ်နိုင်ခဲ့ကြသည် ဖြစ်၏။

အမှန်တွင် မိန်းမတို့နည်းတူ ယောကျာ်းများ၏ အပြစ်အနာအဆာများသည်လည်း နေရာတိုင်း၌ ရှိနေကြသည်ဖြစ်၏။ဤသို့ဆိုရခြင်းမှာယောကျာ်းအမျိုးအစားအရေအတွက်သည်(၂၅၆) ယောက်ဖြစ်၍ မိန်းမအမျိုးအစားအရေအတွက်လည်း (၂၅၆) ယောက်သော အရေအတွက်ရှိသည် ဖြစ်၍ မိန်းမနှင့်ယောကျာ်း အချိုးအစားတို့ တူညီနေသည်ကို သတိပြုမိလိမ့်မည်ထင်ပါသည်။

လူများလျှင် ခြေရာများသည် စကားပေါကြွယ်လှန်းသည် ဖြစ်၏။ လူအမျိုးအစားများက စာရိတ္တ အသွင် အပြင်လည်း များပြားသည်ဖြစ်၍ စိတ်သဘောထားအယုတ်၊ အလတ်၊ အမြတ်တို့သည် ပိုကဲသည်ဟု ကောက်ချက်ချရမည် ဖြစ်ပါသည်။

ယောကျာ်းတို့သည် ဘဝပေး အခြေအနေ ကြုံ့ခိုင်မှုအရ ပွင့်လင်းမှုရှိ၏။ ဟောဟောဒိုင်းဒိုင်းပြုတတ်ကြ၏။အမှားအမှန်ကို ဝန်ခံရဲ၊ ဆိုဝံ့ရဲသည် ဖြစ်၏။

(ဥပမာ) မိန်းကလေးတို့နှင့် ယောကျာ်းကလေးတို့သည် အချစ်စကားပြောသော မျက်လုံးများဖြင့် တဦးကိုတဦး ငုံလင့်ကြည့်မိကြသည် ဖြစ်၏။ မိန်းကလေးတို့ကား ထိမ်ဝှက်မှုဖြင့် မာယာလွှမ်း၍ တိတ်တခိုးကြည့်တတ်၏။ ယောကျာ်းကလေးတို့ကား ထိုသို့ မဟုတ်ပေ။ ရဲဝံ့ပြတ်သားစွာ အမိပ္ပာယ်ဖော်ဆောင်သော အကြည့်ဖြင့်ကြည့်တတ်ကြ၏။

မိန်းကလေးတို့သည် အတွေ့၌ နှစ်ဝင် ခဲ့မိရသည် ရှိသော် ကိုယ်ကာယ အချိုး အစား ပြောင်းလဲရခြင်း သိသာထင်ရှား၍



ပဋိသန္ဓေလွယ်ရသည်မှာ ဖုံးကွယ်မရသော အရှက်တခု ဖြစ်ရပေသည်။ ယောကျာ်းကလေးတို့မှာမူ ထို ဆင်းရဲခြင်းတို့မှ ကင်းဝေးသည်ဖြစ်၍ မိမိ၏ရယူလိုမှုကိုအတင့်ရဲစွာဆောင်ရွက်နိုင်သည် ဖြစ်ပေသည်။

အချို့ရှာသကာတွေ့။ ။မုဆိုးသည် သားကောင်ကို ရှာတွေ့နိုင်၏။ တံငါသည် ငါးရှိရာကိုသိနိုင်၏။ လူမုဆိုး ဖိုမ တို့သည် မိမိရှာလိုသော လူသားကောင်ကို ဆန္ဒတူစွာ၊ ဘဝတူစွာ၊ ပတ်ဝန်းကျင် တူညီစွာဖြင့် ရှာဖွေတွေ့ရှိ ပေါင်း ဖက် နိုင် သည် ဖြစ်၏။

မိန်းမဆိုးသည် ယောကျာ်းကောင်းကို မဖျက်ဆီးနိုင်။ ဖျက်ဆီးနိုင်သည့်တိုင် ကာလ မတာရှည်ပေ။ မိန်းမဆိုး သည် ယောကျာ်းဆိုးကိုသာ တာရှည်ဖမ်းယူ တွဲဖက်နိုင်သည်ဖြစ်၏။ ယောကျာ်းဆိုးသည်လည်း ဤသို့ပင်ဖြစ်၏။

လူ့မုဆိုးတို့တွင် မိန်းမသည် မာယာလက်နက်၊ အလှလက်နက်ကိုသုံး၍ ယောကျာ်းတို့သည် ခွန်အားလက်နက်၊ ဓနဥစ္စာလက်နက်ကို အသုံးပြုကြသည် ဖြစ်၏။

သားသတ်သမားသည် တရားဓမ္မမွေ့လျော်သူနှင့် ယှဉ်တွဲ မနေနိုင်ပေ။ ယောကျာ်းမြတ်သည် မိန်းမဆိုးတို့ အကြား၌ မကျင်လည်ပေ။ ဘဝတူ ဖိုမတို့သာလျှင် ယှဉ်တွဲနေနိုင်ပြီး ပတ်ဝန်းကျင်တခုကို ထူထောင်နိုင်သည် ဖြစ်၏။

ဤသို့ဆိုက ယောကျာ်းတိုင်းသည် သူမြတ်ပေလောဟုတ်ပါပေ။ သူယုတ်၊ သူလတ်များ ရှိနေကြသည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းတင် အကျွရာတွင် မိန်းမတို့သည်သာ ပေါ်လွင်လွန်းလှ၍ လူသိများသည်ဟု ဆိုရပေမည်။

မာယာကြွယ်သော မိန်းမတို့ကြောင့် ဘဝ ပျက်ခဲ့ရသော ယောကျ်ားများရှိသကဲ့သို့ အတ္တလွန်ကဲပြီး ကာမဂုဏ်၌စွဲမြဲလွန်းသော အလိမ်အညာသမား ယောကျ်ားတို့ကြောင့် ဘဝပျက်ရရှာသော မိန်းမတို့ များစွာရှိနေခဲ့ရပေသည်။

ပြဿနာတခုကို အလယ် အလတ်မှ ကြည့်သင့်သည်ဖြစ်၏။ သူတော်ချင်းသာ သတင်းလွှ တတ်ကြသည်ဖြစ်၏။ တရံတခါ၌ ယောကျ်ားတို့သည် မိမိ၏ ဇနီးမယားကွယ်ရာ၌ အခြား မိန်းမများနှင့် ဖောက်ပြားမိသည်တို့ ရှိပေသည်။ မိမိ၏ဇနီးသည်မှ မိမိကွယ်ရာတွင် တရံတဆစ်ဖောက်ပြန်ခဲ့မိသည်နှင့် စွဲချက်တင်မဆိုးတတ်သည်များရှိ၏။ အမှန်မှာ ဖြစ်ပေါ်လာရသည့် ပြဿနာ၏ အရင်းအမြစ်ကိုသာ ဖော်ထုတ်ဝေဖန် ဆန်းစစ်သင့်ပေသည်။

ပညတ်သဘော၊ ပရပတ္တသဘော အရ လည်း ကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း မိန်းမတို့သည် စောင့်ထိန်းရသည်တို့ များလှ၏။

တဖန် မိန်းမတို့သည် ပွင့်လင်းမှုနည်းပါးလှ၍ ကြုံဆုံရသည့် အခွင့်အရေးအရ အတွေ့သဘောတွင် စိတ်မထိန်းနိုင်ပဲ နစ်မြုပ်တတ်ကြ၏။ ဤသည်မှာလည်း ပတ်ဝန်းကျင်အမြင်၊ အကြည့်ကို မဝံ့ရဲ၍မျိုသိပ်ထားရသမျှသည် အခွင့်အရေးရယူဖန်တီးနိုင်သည်နှင့် အစွမ်းကုန်ပေါက်ကွဲတတ်ခြင်းမျိုးဖြစ်၏။ တွေ့ကြုံရသော အခွင့်ထူးကို ထပ်မနွားဘောင့်တသည်ဖြစ်၏၊ အခြားသို့ မကူး



ပြောင်း ဝံ့ပေ။ အတင့်ရဲလွန်းသောစိတ်တို့ လွှမ်းမိုးလာသော အခါ ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်တော့ပေ။

ထိုအခြေအနေတို့တွင် ယောကျ်ားသည် နေရာဒေသမရွေး၊ အချိန်အခါမရွေး အခြေအနေထူးကို ဖန်တီးနိုင်စွမ်းရှိ၏။ မိမိကိုယ်ကိုယုံကြည်စိတ်ချသော ခွန်အားကိုးမှု၊ စိတ်၏စွမ်းအား ပြည့်ဝမှုများ ရှိနေသည်ဖြစ်၍ အခွင့်သာလှသည်ဟု ဆိုချင်ပါသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မိန်းမဆိုးများရှိသလို ယောကျ်ားဆိုးများရှိနေသည်ကို လူတိုင်းလက်ခံရမည် ဖြစ်ပေသည်။ ယောကျ်ားတို့သည် စာပေ၊ ဂီတ၊ ပန်းချီ ပန်းပုတို့တွင် တင်စားမှု၊ မှတ်တမ်းတင်မှု နည်းပါးလှ၍ ကျော်စော မှု များ ကောင်းဝေးလျက်ရှိနေလေသည်။

ဘာသာရေးအရ ယောကျ်ားသည် မိန်းမိထက် ဘုန်းကံ အရာ၌ မြတ်သည်ဖြစ်၏။ သို့သော် စာရိတ္တသွင်ပြင်၌ တူညီချက်များ ရှိနေသည်။ ဆိုးယုတ်မှုများရှိနေသည်ကို သတိပြုသင့်သည်။

တဖန် မိန်းမများကို အားနွဲ့သူဟူ၍ ပတ်ဝန်းကျင် လူသားများသည်လည်းကောင်း၊ တရားဥပဒေသည် လည်း ကောင်း အခွင့်ထူးများပေးထားသည်ဖြစ်၍ ဆိုးယုတ်ခြင်းအတူတူတွင် မိန်းမများက အခွင့်အရေးသာသည်များ ရှိနေပေသည်။

ဥပမာ–ဖောက်ပြန်သော မိန်းမဖြစ်စေ၊ ပြည့်တန်ဆာမိန်းမ ဖြစ်စေ ၎င်းတို့မာယာကြွယ်လာသည်နှင့် ဆန္ဒတူညီစွာ ရှိ ရောက်နေသော ယောကျ်ားဖြစ်စေကာမူ မုဒိမ်းအရ[illegible]းလှန်

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု စွပ်စွဲခံရခြင်း၊ အပြစ်ပေးခံရတတ်ခြင်းများ ရှိနေပေသည်။

အဆုံးသတ်အဓိပ္ပာယ်ကို ဖွင့်ဆိုရပါက ဖောက်ပြန်တတ်မှုတွင် ယောကျ်ားသည်လည်း မိန်းမတို့နည်းတူ အချိုး အစားညီစွာ ပါဝင်နေသည်ဖြစ်၏။

လူမှုအခွင့်အရေးတွင် မိန်းမသည် ယောကျ်ားထက် အခွင့်အရေးသာသည်ဖြစ်၏။မည်သို့ဆိုစေ မိန်းမဆိုးလောကအတွက် ယောကျ်ားဆိုးတို့သည် တက်ပေါင်းစုံဖွဲ့တည်ရှိနေသည်ကို ဝန်ခံရမည်ဖြစ်ပေသည်။

### ယောကျ်ားအမျိုးအစား

(၁) အသက ယောကျ်ားအမျိုးအစား။
(၂) မြိဂ ယောကျ်ားအမျိုးအစား။
(၃) ပြိဿ ယောကျ်ားအမျိုးအစား။
(၄) အသ္မ ယောကျ်ားအမျိုးအစား။

### အသက ယောကျ်ားအမျိုးအစား

ဥက္ကဋ္ဌမျိုး၊ ပဏ္ဍိတမျိုး၊ မဇ္ဈိမမျိုး၊ ဟိန္နမျိုး



၎င်းသည် အယုတ်၊ အညံ့၊ အလတ်၊ အမြတ် အမျိုးအစား ခွဲခြားခြင်းဖြစ်၏။ ၎င်းရရှိသော လေးမျိုးကို-

၄-မျိုး = အသားရွှေ၊ အသားနီ၊ အသားဖြူ၊ အသားမည်း နှင့် မြှောက်ပါက အဆင်း(၁၆)မျိုး တည်သည် ဖြစ်၏။

၎င်း(၁၆)မျိုးကို အဆူ၊အကြုံ၊ အနိမ့်၊အမြင့် လေးပါးနှင့် ထပ်မံမြှောက်ပါက အသက(၆၄)ယောက် ရရှိသည်ဖြစ်၏။

ထို့ကြောင့်....

| | |
|---|---|
| အသက | ၆၄ ယောက် |
| မြိဂ | ၆၄ ယောက် |
| ပြိဿ | ၆၄ ယောက် |
| အသ္မ | ၆၄ ယောက် |

ယင်းစုစုပေါင်းကို အမျိုးအစား အယုတ် အလတ် အမြတ် အလိုက် ခွဲခြား စိတ်ဖြာကြည့်ပါက (၂၅၆)ယောက် အမျိုးအစား ရသည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## ယောကျ်ားလက္ခဏာများ

ယောကျ်ားများ၌လည်း မိန်းမများကဲ့သို့ ရုပ်လက္ခဏာများ အချိုးအစား ကွဲပြားသည်များ ရှိပါသည်။ ဣန္ဒြေ မရှိသော ယောကျ်ား၊ ကာယိန္ဒြေမဲ့သော မိန်းမ၊ စိတ်သန္တာန် ညစ်နွမ်းသော ယောကျ်ား နှင့် မိန်းမ ရုပ်သဏ္ဌာန် ညံ့ဖျင်းသော ယောကျ်ားနှင့်မိန်းမစသည်ဖြင့် သူ့အကန့်အသတ်ဖြင့် သူ ရှိနေကြမြဲသည်။

ယောကျ်ားတိုင်းသည် ယောကျ်ားမြတ်များ မဟုတ်သလို၊ မိန်းမတိုင်းသည်လည်း မိန်းမယုတ်များမဟုတ်သည်ကို လောက အမြင်၌ ထင်လင်းစေသည်ဖြစ်၏။



လောက၌ ယောကျ်ားမြတ်များ ရှိသလို မိန်းမမြတ်များ သည်း ရှိနေပါသည်။ မကောင်းသူသည် မကောင်းမှု၌ မွေ့ပျော်သော၊ ကာမဂုဏ်၌ ယစ်မူးသူသည် ကာမဂုဏ်၌ အပျော်ကြူးသောသူများနှင့်သာ စိတ်တူကိုယ်တူ ဆန္ဒတူညီစွာ လက်တွဲနိုင်ကြသည်ကို သတိပြုသင့်သည် ဖြစ်၏။

ဤသို့ ရှင်းပြသည် ဆိုရုံဖြင့် ယောကျ်ားတို့၏ ယုတ်ညံ့မှုတို သတိပြုနိုင်သည် ဖြစ် ပြီး ယောကျ်ားညံ့ ယောကျ်ားယုတ်များ ကြောင့် ယောကျ်ားမြတ်များအပေါ် အထင်မမှားသင့်ပေ။

လူသည် အနေအထား အချိုးအစားအရ ရုပ်သဏ္ဌာန်နှင့် စိတ်သန္တာန်သည် ကွဲပြားခြားနားမှု ရှိသည် ဖြစ်၏။ သို့ရာတွင် လူတို့၏ အဆိုး အညံ့ အယုတ် အလတ် အမြတ် ဟူသော အကြောင်းတရား တို့သည် အခါခပ်သိမ်း မှန်ကန်နေသည်ဟု မယူဆသင့်ပေ။ ကောင်းသော ပတ်ဝန်းကျင်၊ တရားဓမ္မ၌ မွေ့လိုသောဝန်းကျင်၊ အစဉ်းစားဉာဏ်ရင့်သန်လှသော အသက် အပိုင်းအခြား ရုပ်ခန္ဓာဖွံ့ဖြိုးမှုတို့ကြောင့် ပြောင်းလဲမှုများလည်း ရှိပါသည်။

ဆိုကြပါအံ့။ ငယ်စဉ် နုပျို သန်စွမ်းစဉ်ကာလ၌ ကာမဂုဏ်၌ ယစ်ဝဲလွန်းသော အသက် အပိုင်းအခြား အရ လည်းကောင်း၊ မနုဗွေကြေးဥစ္စာ ချို့တဲ့၍ စိတ်နှင့်ရုပ်တို့ ကျဆင်းပြီး အနာရောဂါတို့ ဖိစီးထားခြင်းခံနေရသော ကာလ၌ လည်းကောင်း၊ ငယ်ရွယ်သူ ဖြစ်သော်လည်း ဆရာမိဘ အုပ်ထိန်းကွပ်ကဲမှုတို့၏ တင်းကျပ် မှန်ကန်သော စည်းစနစ် ဘောင်အတွင်းနှင့် တရား ဓမ္မ၌ မိုဝ် မွေ့ပျော်နေရသော ကာလ၌လည်းကောင်း နေထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်ရသည်ဖြစ်ပါက ထိုသူတွင်စွဲကပ်ငြိနေသည့်မကောင်းမှုတို့သည် ထိုသူ့ထံပါး၌ မရှိနိုင်ပေ။

မကောင်းမှုကို ကောင်းမှုတို့က ထိန်းချုပ်ဟန့်တားထားကြသည်ဖြစ်၏။ အလွယ်ဆုံး ရှင်းပြရလျှင် ကောင်းမှုတို့က အစားထိုး နေရာယူထားကြသည်ဟုဆိုရမည်။ သို့သော်လည်း အတွင်းစိတ်၌ မကောင်းမှုတို့ ပင်ရင်းခံ အကြောင်းတရားများအဖြစ် တည်ရှိနေသော လူပုဂ္ဂိုလ်တို့သည် အခွင့်အခါ အခြေအနေ အချိန်အခါပေးအပ်လာသည်နှင့် မကောင်းမှုတို့ကို လက်ရဲဇက်ရဲ ကျူးလွန်ဝံ့ကြသည်ကို မေ့မထားသင့်ပေ။

မည်သို့ဆိုစေ လူသည် ရုပ်သဏ္ဌာန်ကိုကြည့်ရှုရုံဖြင့် အတွင်းစိတ်သန္တာန်ကို ခန့်မှန်းနိုင်သည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း လက္ခဏာဆရာများ၊ ရုပ်ပိုင်းအင်္ဂသျှတ္တရ ဆရာ များ မှ အကျိုးတရားများကို ဝေဖန် ပိုင်းခြား ဟောပြော နေ ကြ နိုင် သည်ဖြစ်၏။

သို့သော်လည်း လူသည် မည်သည့် အတန်းအစားထဲတွင် ပါဝင်ဖွဲ့စည်းနေသည်ဖြစ်စေ၊ ရုပ်လက္ခဏာ မည်မျှ ဆိုးယုတ်မှုကို ပြဆိုနေသည်ဖြစ်စေ ကောင်းသောအကျင့်စရိုက်၌ တည်ရှိနေထိုင်နိုင်သည်ကို တွေ့ရှိရတတ်ပြန်သည်။

အချို့ဆိုလျှင် အကျည်းတန်အရုပ်ဆိုးသောကြောင့်သဘောမနော‌ကောင်းသူ ဖြစ်ကြ၏။ ရုပ်လက္ခဏာ၏ အားငယ်မှုသည် စိတ်သန္တာန်ကို မြင့်မြတ်မှု၌ တည်စေခြင်းဖြင့် မိမိ၏ အရေးပါ အရာရောက်မှုကို ဖြည့်ဆည်း အစားထိုးနိုင်ကြပေသည်။



အချို့ဆိုလျှင် အဆူ၊ အကျုံ့၊ အနိမ့်၊ အမြင့် အသားဖြူ အသားမည်းမှုတို့၌ ဆန့်ကျင်စွာ တည်ရှိနေသော်လည်း စိတ်သန္တာန်ကို ဖော်ပြသော ရုပ်လက္ခဏာ ကောင်းမှု တို့ကြောင့် လူ့ပတ်ဝန်းကျင်က အလေးထားရသူ ဖြစ် လာ ရ ပေသည်။ ဆို လို သည် မှာ အကောင်းလက္ခဏာ၌ တည် နေ သော် လည်း အဆိုးသို့ ပြဆိုသည့် ရုပ်လက္ခဏာတို့ ပေါင်းစပ်ထားတတ်သဖြင့် အဆိုးတို့ကို ရုတ်တရက် မခွဲခြားနိုင်သည်များ ရှိ နေ သည် ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အဆိုးတို့ ရုပ်အင်အားအရ ဖွဲ့နေသော်လည်း အခြားသော ကောင်းခြင်းလက္ခဏာတို့မှ ပေါင်းစပ်ထားသည်ကို သတိပြု ဆင်ခြင် မြင်တတ်ရမည် ဖြစ်ပါသည်။

ဤမျှဆိုရုံဖြင့် ရုပ်လက္ခဏာ၏သဘောတရား အဓိပ်အနက်ကို စဉ်းစား ဝေဖန် ပိုင်းခြားနိုင်လိမ့်မည်ဟု ထင်ပါသည်။ တဆက်တည်းတွင် ကောင်းမှု မကောင်းမှု၌ တည် ရှိကြ ကုန် သော ယောကျ်ားတို့၏ ရုပ်လက္ခဏာများကို ဆက်လက် လေ့လာနိုင်ရန် ကျမ်းအလို အဆိုအမိန့်များအား တင်ပြအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အသက ယောကျ်ားမျိုး

(၁) ကိုယ်အနံ့သည် ပန်းရင်း၏အနံ့ ကဲ့သို့ ရှိခြင်း။
(၂) လက်ဖဝါး နူးညံ့ပျော့ပျောင်းခြင်း။
(၃) ခြေချောင်း လက်ချောင်း ရှည်လျားခြင်း။
(၄) ရင်အုပ်ကျယ်ခြင်း။
(၅) ချက်နက်ခြင်း။
(၆) အအိမ်သို့ ကိန်းဝင်သော ပုရိသ သဘောရှိခြင်း။
(၇) ကိုယ်အရသာဆိမ့်၏။
(၈) ချွေးပေါက်တခုစီတွင် မွေးညင်းတပင်စီ ပေါက်ခြင်း။
(၉) ရှင်ပျပြုံးချိုသော မျက်နှာရှိခြင်း။
(၁၀) ကုသိုလ် ကောင်းမှုကို အစဉ်မပြတ် ပြုလိုသော အလေ့အထ စိတ်ဓာတ်ရှိခြင်း။
(၁၁) သူတပါးအပေါ် သနားချစ်ခင်စိတ် ရှိခြင်း။
(၁၂) သီလ စောင့်ထိန်းခြင်း။
(၁၃) ခွန်အားသင့်တန်ရုံမျှရှိခြင်း။
(၁၄) ဆံမုတ်ဆိတ်ရှိခြင်း။
(၁၅) လက်ကတီးမွေး၊ ဂူခြေမွေး ရှည်ခြင်း။
(၁၆) လိင်၏နိမိတ် မိမိ၏ လက်လေးသစ်ခန့် ရှိခြင်း။ လက်လေးသစ်သည် သာမန်ကိုယ်ရှိသူ အတွက် (၃ လက်မ)ခန့်သာ ရှိလေသည်။



## မြိဂ ယောကျ်ားမျိုး

(၁) မှန်ကန်သော စကားကိုသာ ဆိုလေ့ရှိခြင်း။
(၂) သည်းခံတတ်မှုရှိခြင်း။
(၃) တပါးသူအပေါ် သနားချင်ငဲ့စိတ်ရှိခြင်း။
(၄) ဂုဏ်အားဖြင့် ကြီးမြင့်သူ၊ အသက် အားဖြင့် ကြီးမြင့်သူများ အပေါ် လေးစား ရိုသေတတ်ခြင်း။
(၅) တပါးသူ အပေါ် မကောင်းရဲ့ အပြစ် မဆိုတတ်ပေ။ ပြေပြစ် ချစ်ဖွယ် သော စကားများ ကို သာ ဆိုတတ်ခြင်း။
(၆) ဖား ငါး စသည်တို့ကို မက်မက်မောမော မစားတတ်ခြင်း။
(၇) ပညာကို ခုံမင်မှုရှိခြင်း။ ရယူလိုခြင်း။
(၈) ကုသိုလ်ကောင်းမှုကို ပြုလိုခြင်း။
(၉) ကိုယ်အနံ့ကား သေရည်အနံ့ ကဲ့သို့ ရှိခြင်း။
(၁၀) ကိုယ်အရသာ ဖန်ခြင်း။
(၁၁) ပုရိသနိမိတ်ကား မိမိ၏ လက်ရှစ်သင်ရှိ၏။ လက်ရှစ်သစ်သည် သာမန်လူအတွက် (၆လက်မ) ခန့် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြိဿယောက်ျားမျိုး

(၁) ကိုယ်၏ အသား အရေ တင်းမာတတ်ခြင်း။
(၂) ဆူဖြိုးသော အရသာကို ခုံမင်စွာ စားတတ်ခြင်း။
(၃) ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၌ အာရုံခံစားမှု လွန်ကဲခြင်း။
(၄) လောဘရမ္မက် ကြီးမားခြင်း။
(၅) တပါးသူ၏ ဇနီးမယားကို ပြစ်မှား တတ်ခြင်း။
(၆) အသံကောင်းခြင်း။
(၇) မေထုံမှီဝဲမှု အားသန် လွန်ကျူးခြင်း။
(၈) တပါးသူကို ကဲ့ရဲ့ပြုစူ စောင်းမြောင်းပြောဆို တတ်မှု ရှိခြင်း။
(၉) ကိုယ်အနံ့ကား ပျားရနံ့ကဲ့သို့ ရှိခြင်း။
(၁၀) ပုရိသနိမိတ်ကား မိမိ၏ လက်ဆယ်သစ်ခန့် ရှိ၏။ လက် ဆယ်သစ်သည် သာမန် ယောက်ျား များ အတွက် အတိုင်းအတာအားဖြင့်($7\frac{1}{2}$)လက်မခန့် ရှိလေသည်။

အဿယောက်ျားမျိုး

(၁) မိမိ၏ ပစ္စည်း ဥစ္စာများကို နှမြော တွန့်တို တတ်ခြင်း။
(၂) တပါးသူ၏ ပစ္စည်း ဥစ္စာကို လိုချင် တပ်မက် တတ်ခြင်း။
(၃) မကောင်းမှုများကို ကျူးလွန်တတ်ခြင်း။



(၄) တပါးသူ၏ ဇနီး မယားကို ပြစ်မှားတတ်ခြင်း။
(၅) သစ္စာမဲ့၍ ကျေးဇူးတရားကို မသိမြင်တတ်ခြင်း။
(၆) ပညာကို ရယူလိုစိတ် မရှိခြင်း။
(၇) ပညာရှိ၊ သူတော်စင်များကို ဆည်းကပ်လိုသော စိတ်ဆန္ဒမရှိခြင်း။
(၈) နိမ့်ကျ ယုတ်ညံ့သောအကြံ၊ အပြုအမူတို့ကိုပြုလုပ် လိုသောစိတ်ရှိခြင်း။
(၉) ကိုယ်လက်ဆူဖြိုး တောင့်တင်းခြင်း။
(၁၀) လက်ကတီးမွေး၊ ဣန္ဒြေမွေး ရှည်ခြင်း။
(၁၁) အရှက်အကြောက် စိတ်ဓာတ် ကင်းမဲ့ခြင်း။
(၁၂) အတွေ့အထူးသော အရသာများကိုသာ နှစ်သက်စွာ စားသောက်တတ်လေ့ရှိခြင်း။
(၁၃) ယောက်ျားကိုယ် ကြီးမားခြင်း။ ပုရိသလိင် ကြီးမားခြင်း။
(၁၄) ကိုယ်ရနံ့ညှီခြင်း။
(၁၅) ဝမ်းဗိုက်ဆူဖြိုးခြင်း။
(၁၆) သွေးကြော တင်းမာခြင်း။
(၁၇) ကိုယ်အရသာ ခါးစပ်စပ် ရှိခြင်း။
(၁၈) ပုရိသနိမိတ်သည် မိမိ၏လက် တစ်ဆယ့်နှစ်သစ်မှ တစ်ဆယ့်လေးသစ်ခန့်ရှိတတ်ခြင်း။ လက်တစ်ဆယ့်နှစ်သစ်သည် သာမန်ယောက်ျား များအတွက် (၈)လက်မခန့်ရှိပြီး တဆယ့်လေး သစ်သည် (၁၀)လက်မခန့်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်။** ။လက်မ အတိုင်း အတာသည် စာရေးသူ တဦး တည်း သုတေသနပြု၍မှတ်တမ်းတင်ထားသော ပျမ်းမျှ အတိုင်းအတာများ ဖြစ်ပါသည်။

ယောကျ်ား အမျိုးအစား အလိုက် လက္ခဏာများသည် ရုပ်သဏ္ဍာန်အားဖြင့် ဆင်တူသယောင်ယောင်ရှိပြီး စိတ်သန္တာန်ကွဲပြားမှုမှာ ခြားနားမှု ရှိလေသည်ကို တွေ့မြင်ရ၏။

စိတ်၏ အမူအကျင့်သည် ရုပ်ကို မှီခိုနေရသည်လည်း ရှိ၏။ ဥပမာ - သွေးကြော တင်းမာသူသည် သွေးသား လည်ပတ်မှု အားကောင်းပြီး ဟိုမုန်းဓာတ်အင်အား ပြည့်ဖြိုးသဖြင့် မေထုံမှုတွင် ဝါသနာထုံခြင်းများ ဖြစ်ရသည်ဟု ဆက်စပ် ထင်မြင်မိပါသည်။

ကိုယ်ရန့် ကိုကား လူတိုင်း သတိမထားမိသော်လည်း အချို့ကား သတိထားမိခြင်း ရှိနိုင်မေသည်။ ပမာအားဖြင့် အချို့သော မိန်းမ ယောကျ်ားများကို အရပ် အခေါ် အဝေါ်အားဖြင့် လက်မတ်စေ်နံသည်။ ညှီစို့ စို့ ဖြင့်မသေမီ ပုပ်စော်နံနေသူ စသည်ဖြင့် ပြောဆိုနေခြင်းများ ရှိပါသည်။

ဤမျှ အထောက် အထား ဖြစ်ရုံဖြင့် ပုရိသ လက္ခဏာများကို ခန့်မှန်းမိကြလိမ့်မည်ဟု ယူဆမိပါသည်။

## ယောကျ်ားမြတ်တို့၏ လက္ခဏာများ

| | | |
|---|---|---|
| (၁) | ရှည်ခြင်း | (၅) မျိုး |
| (၂) | တိုခြင်း | (၄) မျိုး |
| (၃) | နီခြင်း | (၆) မျိုး |
| (၄) | မောက်ခြင်း | (၆) မျိုး |
| (၅) | ပြေပြစ်နူးညံ့ခြင်း | (၅) မျိုး |
| (၆) | နက်ခြင်း | (၂) မျိုး |
| (၇) | ထူခြင်း | (၃) မျိုး |
| (၈) | ကြီးခြင်း | (၃) မျိုး |
| (၉) | သေးခြင်း | (၅) မျိုး |

www.burmeseclassic.com

www.burmeseclassic.com



(က) ရှည်ခြင်း (၅) မျိုး

(က) လက်ရိုးလက်မောင်း ရှည်ခြင်း။
(ခ) မေးဖျားချွန်ခြင်း၊ မေးသွယ်ခြင်း။
(ဂ) နှာခေါင်းချွန်ခြင်း၊ ရှည်ခြင်း။
(ဃ) လျှာရှည်လျားခြင်း။ (လျှာအလျားလိုက်ကို ဆိုလိုသည်)
(င) ဦးခေါင်းရှည်ခြင်း။ (လွန်ကဲစွာရှည်ခြင်းမျိုးကို ဆိုလိုခြင်း)

ဦးခေါင်းရှည်လွန်းသူသည် စိတ်ခတ်မတည်နိုင်ပဲ မေးဖျားရှည်လွန်း၊ သွယ်လွန်းသူများသည် အကောက်ကြံတတ်၊ မိန်းမမှုပွေသူဟုဆိုကြ၏။ သင့်ရုံရှည်ခြင်းကိုသာ ဆိုလိုခြင်း ဖြစ်၏။

မှန်သည် မှားသည်ကို ပတ်ဝန်းကျင်အမြင် သာဓကများဖြင့်သာ ချိန်ဆ တွက်ချက်နိုင်ပေသည်။

(ခ) တိုခြင်း (၄) မျိုး

(၁) ပုရိသလိင်အင်္ဂါစပ် တိုခြင်း။
(၂) လည်ပင်းတိုခြင်း။ (အလွန်တို၍ နစ်မြုပ်နေခြင်း မဟုတ်)
(၃) ကျောလျားတိုခြင်း။

[ကျောလျား ရှည်သူများသည် အလုပ် အကိုင် ပျင်းရိ၍ ယောကျ်ားပျင်း ကျောခင်း၊ မိန်းမပျင်း ခြေဆင်း ဟု ဆိုသော



မြန်မာစကားပုံများပင် ရှိပါသည်။ ကျောလျားရှည်၍ ကိုင်းသူများသည် များသောအားဖြင့် လက်တွေ့ အလုပ်မျိုးကို မလုပ်လိုပဲ ဝေဖန်ခြင်းဖြင့် အချိန်ကို ကုန်လွန်တတ်သူများ ဖြစ်ကြပါသည်။]

တဖန် ကျောလျား တိုလွန်းသူများသည် အနိမ့်ဆုံးသော အလုပ်များကိုသာ လုပ်လိုတတ်ပြီး မသမာမှုများ၊ ခိုးဝှက်လုယူသောင်းကျန်းမှုများတွင် ပျော်မွေ့သူများ ဖြစ်၏။ တပါးသူအပေါ် အကောက်ကြံခြင်း၊ယုတ်ညံ့သောအလုပ်၌စိတ်ဝင်စားမှုရှိသူများသာလျှင် ဖြစ်တတ်ကြသည်။

အကောင်းဆုံးမှာ ကျောလျားရှည်လွန်းခြင်း၊တိုလွန်းခြင်း မရှိပဲ မိမိအရပ်အမှောင်းအရ အလိုက်သင့်ကျောလျားရှိသူများသာလျှင် လိုက်ဖက်ညီသော အင်္ဂါရပ်တခု ဖြစ်ပါသည်။

(၄) မြင်းခေါင်းတိုခြင်း။

(တိုလွန်းခြင်းကို မဆိုလိုပါ။ သင့်ရုံရှည်ခြင်းဖြစ်၏)

အထက်ဖော်ပြပါ အချက်များသည် လွန်ကဲမှုမရှိပဲ သင့်မြတ်ဆီလျော်သော အင်္ဂါရပ်များနှင့်အညီ တည်ရှိရမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (ဂ) နီခြင်း (၆)မျိုး

(၁) လက်ဖဝါးပြင်၏နီခြင်း။
(၂) မျက်ဆန်၏ နီခြင်း။
(၃) နှုတ်ခမ်း၏ နီခြင်း။
(၄) သွားဖုံးများ၏ နီခြင်း။
(၅) လက်ဆစ်ဖျားများ၏ နီခြင်း။
(၆) ခြေဆစ်ဖျားများ၏ နီခြင်း။

လက်ဖဝါးပြင်သွေးမရှိသကဲ့သို့ ဖြူခြင်း၊ ခြေဆစ်လက်ဆစ်များ ဖြူဖွေးနေခြင်း၊ နှုတ်ခမ်းဖျား၊ မျက်ဆန်ဖြူခြင်း စသည်တို့ ဖြစ်ပါက ထိုသူသည် သွေးအားနည်းသူ၊ နှလုံးရင်ကိုဥပဒ်ပေးတတ်သောသူဟု လက္ခဏာ ဆရာများက ဟောကိန်း ထုတ်တတ်ကြသည်။ ဗြာ

တနည်းအားဖြင့် ဆရာဝန်များကလည်း ဆေးသိပ္ပံနည်းအရ သွေးလည်ပတ်မှုအင်အား ချည့်နဲ့သူများဟု ကောက်ချက်ချတတ်သည်ကို တွေ့မြင်နိုင်သည်ဖြစ်၏။

သို့ဖြစ်၍ ယောကျ်ားတို့၏ကောင်းခြင်းတွင် ယင်းကဲ့သို့သော နီခြင်း(၆)မျိုးသည် ယောကျ်ားမြတ်ကို ဖြစ်စေနိုင်သည်ဟု ဆိုထားပြီး သတ္တိအရာထက်မြက်သူ၊ စိတ် ဓာတ် ကြံ့ ခိုင် သူ၊ ခေါင်းဆောင်လက္ခဏာပြည့်စုံသူဖြစ်၍ အိမ်ထောင်ရှင် မိန်းမများ၏ အားကိုးအားထားပြုမှုကိုခံရသူဖြစ်တတ်လေသည်။

ရှေးအခါက မင်းလောင်းလက္ခဏာများတွင်ကျ်အချက်များသည်လည်း အပါအဝင်ဖြစ်သည်ကို လေ့လာသိရှိရပေသည်။



## (ဃ) မောက်ခြင်း (၆) မျိုး

(၁) လက်၏မောက်ခြင်း။
(၂) ဖမိုး၏မောက်ခြင်း။
(၃) ပခုံး၏မောက်ခြင်း။
(၄) လည်ချောင်း၏မောက်ခြင်း။
(၅) နဖူး၏မောက်ခြင်း။
(၆) ရင်၏မောက်ခြင်း။

လက္ခဏာ ဆရာများ၏ အဆိုအရ လက် ဖ မိုး သောကြာကြွယ်ခုံမောက်သူသည် မေထုံအမှုတွင် လွန်ကဲပြင်းထန်သူဖြစ်၍ နဖူး၏မောက်ခြင်းသည် လွန်ကဲမှုရှိပါက ဘီလူး လက္ခဏာ နှင့်တူသည်ဟု ဆိုကြလေသည်။ ရင်မောက်သူများကို တချို့က 'ချိုးရင်အုပ်'ဟု အရပ်စကားအရ ခေါ်ကြပြီး အလုပ်ကြမ်း၌လုပ်လိုသူ ခွန်အားဖြင့် စိုက်ထုတ်ရသောအလုပ်တွင်လုပ်လိုသူဟု ဆိုကြ၏။

ထို့ကြောင့် ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသူများသည် ယင်းကဲ့သို့သော လွန်ကဲမှုများ ပါဝင်ဖွဲ့စည်းမှုမရှိပဲ ပြေပြစ်ညီညာသော လက္ခဏာများ၌သာ ပြည့်ဖြိုး တည်ရှိ နေသည်ကို တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



### (င) ပြေပြစ်ခြင်း(၅)မျိုး

(၁) အသားအရေ၏ နူးညံ့ပြေပြစ်ခြင်း။
(၂) ဆံပင်၏နူးညံ့ပျော့ပျောင်းခြင်း။
(၃) နှုတ်ခမ်း၏ နူးညံ့ပြေပြစ်ခြင်း။
(နှုတ်ခမ်း ထူခြင်း၊ တွဲခြင်း၊ ကျယ်လွန်းခြင်း၊ ကျဉ်း လွန်း ခြင်း၊ ပါးလွန်းခြင်း မရှိခြင်းတို့ ဖြစ်၏)
(၄) စကားအပြောအဆို နူးညံ့ ပြေပြစ်ခြင်း။
(၅) အသွားအလာ၏ နူးညံ့ ပြေပြစ်ခြင်း။

ဤအချက်များသည် ရုပ်ရည်ချောမွေ့ ပြေပြစ်သူဟု ဆိုလို ခြင်း ဖြစ်ပါသည်။ စကားအပြောအဆိုနှင့် အသွားအလာ နေထိုင်ဆက်ဆံမှုတို့သည် စိတ်ဓာတ်အင်အားကို ထင်ဟပ်ပြနေခြင်းများပင် ဖြစ်ပါသည်။

အပြောအဆိုကြမ်းတမ်းမှု၊ အသွားအလာဆက်ဆံမှု၊ နေထိုင်မှု ကြမ်းတမ်းခြင်းကိုကြည့်၍ အချို့က 'အမိယုတ်က နှုတ်သရမ်း၏။ အဖယုတ်က ကိုယ်အမူအရာကြမ်းတမ်း၏' ဟုပြောဆို ကောက်ချက်ချတတ်သည်ကိုပင် လေ့လာဖူးပါသည်။

အချို့ကလည်း 'အပြောကောင်းတယ်၊ အစားကြမ်းတယ်၊ ချီးပါရက်စက်တယ်' ဟု ခပ်သောသောကလေး ပြောဆိုဝေဖန်တတ်ခြင်းများရှိပါသည်။ ဆိုလိုသည်မှာ စိတ်ဓာတ် ယုတ်မာမှုဖြင့် လှည့်ပတ်ပြောဆိုလိုသောအခါ အလှအပ စကားများကို



သာ ရွေးသုံး၍ လူ၏အလိုလောဘကြီးမှုကို အစားအသောက် ခုံမင်မှုဖြင့် အကဲဖြတ်နိုင်သည်။ အရှက်အကြောက် ကင်းမဲ့မှုတွင် လူ့မြင်ကွင်းကိုပင်မရှောင်ကြဉ်ပဲ အခင်းကြီး အခင်းငယ်စွန့်ပစ်မှု၊ မိမိဖုံးကွယ်အပ်သည်ကို မဆင်ခြင်မှုများရှိနေသည်ဟုလွယ်ကူစွာ ကောက်ချက်ချခြင်းများဖြစ်ပါသည်။

ရုပ်ရည်ချောမော ပြေပြစ်မှု ရှိသူများသည် မျက် နှာ မြင် ချစ်ခင်ပါစေ၊ အသံကြား သနားတတ်ပါစေဆိုသော ဆုတောင်း များနှင့်ပြည့်စုံသူများဟု ဆိုရပေမည်။

ရုပ်ရည်၏ချောမောပြေပြစ်မှု၊ အရပ်အမောင်း၏ကောင်းမှု (ယခု ခေတ်စကားအရ လူစဉ်မီမှု) ကိုယ်လုံး ကိုယ်ထည် ၏ ကျစ်လျစ်ခိုင်မာမှု၊ ပြေပြစ်မှုများသည် ယောကျ်ား ကောင်း မောင်းသန်များဖြစ်ပြီး မိန်းမတို့အားကိုးလိုသော ယောကျ်ား လက္ခဏာများဖြစ်ပေသည်။ ထို့အပြင် လူ အ များ ၏ ဦးစီး ခေါင်းဆောင်အရာကို ပိုင်စိုးမှုရှိသော၊ လူ အ များ မှ ချစ်ခင် လေးစား ခိုကိုးအားထားရသော ယောကျ်ားများ ဖြစ်ပေတော့သည်။

### (စ) နက်ခြင်း(၂)မျိုး

(၁) ချက်၏နက်ခြင်း
(၂) အသံ၏နက်ခြင်း

အသံ၏နက်ခြင်းဆိုသည်မှာ ကြောက် လန့် တုန် လှုပ်စရာ
9 ကောင်းလှသော အသံနက်မှုကိုဆိုလိုခြင်း မဟုတ်ပဲ သံသြဇာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးမား၍နက်နဲသော အသံတန်ခိုးအာနိသင်တို့ဖြင့် ပြည့်စုံခြင်းမျိုးကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

(ဆ) ထူခြင်း(၃)မျိုး

(၁) နားရွက်ထူခြင်း
(၂) နား၏အဖျား ထူခြင်း
(၃) နားကင်း၊ နားရင်း ထူခြင်း။

ယင်း ထူခြင်း(၃)မျိုး လွတ်ကင်းရမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ နား၏ကောင်းခြင်း လက္ခဏာကို ပြဆိုခြင်း ဖြစ်ပါသည်။

အချို့ အကင်းမပါးသူ၊ပြောဆို ခေါ်အော်တိုင်း မကြားတတ်သူများကို နားထူဟုပင် မြန်မာလူမျိုးတို့ အလွယ် တကူဥပမာနှိုင်းယှဉ်ပြတတ်သည်ကို လေ့လာခြင်းဖြင့် သိနိုင်ပါသည်။

(ဇ) ကြီးခြင်း(၃)မျိုး

(၁) ပေါင်လုံး ကြီးလွန်းခြင်း။
(၂) ဦးခေါင်းကြီးလွန်းခြင်း။
(၃) နဖူးကြီးလွန်းခြင်း။

ပေါင်လုံးကြီးလွန်းသူများသည် ခရီးတာရှည်သွားလာနိုင်မှု မရှိပဲ ပေါင်ချင်းပွတ်တိုက်၍ ဒဏ်ရာအနာတရဖြစ်ပြီး မိမိ၏ မမျှတသော ခန္ဓာကိုယ်ကြောင့် မိမိကိုယ်တိုင်ပင် ထိန်းသိမ်းနိုင်



စွမ်း မရှိပဲ ဖျတ်လတ်ပေါ့ပါးစွာ အလုပ် မလုပ်နိုင်ကြသူများဖြစ်ကြလေသည်။

ဦးခေါင်းကြီးလွန်းက ဇက်မခိုင်နိုင်သလို ရုပ်ရည်၏ပြေပြစ်မှုမရှိပဲ လေးစားကြည်ညိုမှုကို ပျက်ပြားစေနိုင်၏။ ဦးခေါင်းကြီးလွန်းသူသည် ဦးနှောက်၏မှန်ကန်မှုကိုပင် မဖြစ်စေနိုင်ပေ။

နဖူးကြီးခြင်းမျိုးကို ဆိုလိုခြင်း မဟုတ်ပါ၊ နဖူးကြီးမားကျယ်ပြန့်လွန်းခြင်းများကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။

(ဈ) သေးခြင်း (၅) မျိုး

(၁) လက်ချောင်းများ သေးလွန်းခြင်း။
(၂) ခြေချောင်းများ သေးလွန်းခြင်း။
(၃) သွားအစီအစဉ်များ တပြေးညီညာ သေးလွန်းခြင်း။
(၄) ဆံပင်ဆံလုံးတို့၏ သေးလွန်းခြင်း။
(၅) လက်ဆည်းခြေသည်းတို့သေးလွန်းခြင်း။

၎င်းသေးခြင်း(၅)မျိုး လွတ်ကင်းရမည်ဟုဆိုလိုခြင်း ဖြစ်ပါသည်။သိပ္ပံသဘောအရတွက်ချက်ပါကလည်း လက်သေးလွန်းက ကိုင်တွယ်ရာတွင် မြဲမြံမှု မရှိခြင်း။ ခြေချောင်း သေးလွန်းက ခရီးဝေးသွားလာမှုမပြုနိုင်ခြင်း ဖြစ်တတ်လေသည်။

လက်သည်းသေးလွန်းခြင်းဟုဆိုရာ၌၊ အချို့လက္ခဏာအဆိုများက လက်သည်း၏ နီခြင်း၊ ဖြူခြင်း၊ လက်သည်းအစင်းကြောင်းများ အလျားလိုက်ရှိခြင်း၊ ကန့်လန့်ဖြတ်ရှိခြင်း စသည်

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုပင် အသေးစိတ် တွက်ချက်၍ စိတ်ခါတ်ရေးရာကို ဟော ပြောကြသည်များ ရှိပါသည်။

ဤအဆက်ပါဖော်ပြခဲ့သောအချက်များအပြင်ကောင်းခြင်း လက္ခဏာ(က-မှ ဈ)အထိသည် ယောကျ်ားမြတ်တို့၏ကင်းလွတ် ရမည့် အချက်၊ တည်ရှိပါဝင်ရမည့် အချက်များကို ပြဆိုခြင်း ဖြစ်ပါသည်။

မည်သို့ဆိုစေကာမူ ယောကျ်ားတိုင်းသည် ဤလက္ခဏာရပ် အားလုံးနှင့် ပြည့်စုံနေသည် မဟုတ်ပဲ အဆိုးအကောင်း ဒွန်တွဲ လျက် လူ့ဘဝအတွင်း ကိုယ်ခန္ဓာ စုစည်းဖွဲ့နှောင်ထားကြသည် သာ ဖြစ်ပေသည်။

အဆိုးအကောင်းတို့၏ အားလွန်မှု၊ အားနည်းမှုကို ကြည့်၍ ယောကျ်ားများကို စိစစ် အကဲဖြတ်နိုင်ရန် အခွင့်အရေးတရပ် အနေဖြင့် တိုင်းတာ မှတ်ချက်ချရန်သာ ရှိပေတော့သည်။

သို့ရာတွင် ဤရုပ်လက္ခဏာများသာမက အခြားသော အကဲ ဖြတ်မှုများလည်း ရှိနေသေးသည်ကို သတိပြုကြရမည် ဖြစ်၏။

ဥပမာ-ဗေဒင်ဆရာတို့က လူတဦး၏ ဇာတာခွင်၊ နက္ခတ်၊ ဂြိုဟ်စင် ဂြိုဟ်ထွက်ကိုကြည့်၍ ခန့်မှန်းကြသလို လက္ခဏာဆရာ တို့ကလည်း မှဲ့ရှင်ပါမှု၊မှဲ့စလွယ်ပါမှု၊ခြေမှုဖွားမြင်မှု၊ဦးခေါင်းမှ ဖွားမြင်မှု၊ အချင်းစလွယ်ပါမှု၊ မျက်နှာဖုံး အချင်းပါမှုများကို ထည့်သွင်းတွက်ချက်၍ ခန့်မှန်းတတ်ကြသည်ကိုလည်း သိသာရန် လိုအပ်လှသည်။

ဤမျှ တင်ပြရုံမျှဖြင့် ယောကျ်ားမြတ်များ၏ လက္ခဏာကို ခန့်မှန်းနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

## ပုရိသအင်္ဂါ၏ အကျိုးအပြစ်များ

(၁) လိင်အင်္ဂါရှည်လျားလွန်းက ဆင်းရဲခြင်း ဖြစ်တတ် သည် ဖြစ်၏။

(၂) လိင်အင်္ဂါအလုံးအထည်ကြီးမားလွန်းက ဥစ္စာပစ္စည်း ရှားပါးတတ်၏။

(၃) လိင်အင်္ဂါအလုံးသေးက မြေကို စိုးမိုးရသော မင်း ဖြစ်ထိုက်သူ ဖြစ်၏။

(၄) လိင်အင်္ဂါတိုက တန်ခိုးကြီးမားသူ ဖြစ်တတ်၏။

ဤသည်မှာ ရှေးပညာရှိတို့၏ အဆိုအမိန့်များသာ ဖြစ်ပါ သည်။ ဤနှိုင်းယှဉ်ပြသချက်များသည် မေွးရာပါ မပြုမပြင် သော လက္ခဏာများကို ဆိုလိုခြင်းဖြစ်ပါသည်။

ယခုခေတ် သိပ္ပံအကူပစ္စည်းများဖြင့်ပြုပြင်ထားသော ပုရိသ အင်္ဂါများကိုကား မခန့်မှန်းတတ်သေးပေ။ သဘာဝ မဟုတ် သော ပြုပြင်ဖန်တီးမှု၊ သိပ္ပံအကူပစ္စည်းမှုံမိုးသုံးစွဲမှု၊ ဆေးဝါး အကူယူမှု၊ အစားထိုး ပံ့ပိုးပစ္စည်း ကူညီမှုများသည် အသက် အရွယ် အလိုက် ရောဂါရခြင်း၊ လုပ်ငန်းခွင်၌ လုတ်ရှားစေ့ အလုပ်မလုပ်နိုင်ခြင်းများ ဖြစ်တတ်သည်ကို မကြာခဏကြုံတွေ့ တတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ယောကျ်ားလက္ခဏာပြ အကျိုးအပြစ်များ

(၁) အကြင် ယောကျ်ားသည် နှုတ်ခမ်းငယ်မူ အထွတ်အမြတ်ဖြစ်အံ့၊ နှုတ်ခမ်းကြီးမူ ဆင်းရဲရအံ့၊ နှုတ်ခမ်းနီမူ သူတပါးတို့ ရှိခိုးလေးစားရာ ဖြစ်အံ့၊ နှုတ်ခမ်းဖြူမူ စကားများအံ့၊ ဆိုမူနိုင်ဖန်များအံ့။

(၂) အကြင် ယောကျ်ားသည် သွားကြီးမူ တည်ကြည်ခိုင်မာအံ့၊ သွားငယ်မူ ရဲရင့်အံ့၊ သွားစိပ်မူ စကားများအံ့၊ သွားခေါမူ ပညာရှိအံ့၊ သွား စွယ် ရှိ မူ ချစ်သူ ပေါများအံ့။

(၃) အကြင် ယောကျ်ားသည် လျှာ လယ် ရှိက် ဝင် မူ ကောင်းစားအံ့၊ ကျီးအာကဲ့သို့ရှိမူ ချစ်ခင်သူ ပေါများအံ့၊ လျှာ ဝန်းဝိုင်းမူ ခွန်အား တင့်ကျယ်အံ့၊



လျှာဖြူမူ ရာဂရမ္မက်ကြီးမားအံ့၊ လျှာရှည်မူ ဘုန်းတန်ခိုး ကြီးမားအံ့၊ အရသာ ကြူးအံ့၊ အားအင်တန်ရှိမျှ ရှိအံ့။

(၄) အကြင်ယောကျ်ားသည် မျက်လုံးကြီးမူ ပညာရှိအံ့၊ မျက်လုံးကျဉ်းမူ လျှပ်ပေါ်လော်လည် ဖောက်ပြားအံ့၊ မျက်လုံး မျက်ခမ်းစပ်မူ သူမုန်းများအံ့၊ မျက်ကွင်း ညိုရောင်ရှိမူ ခိုးစားတတ်အံ့၊ ကြောင်မျက်လုံးကဲ့သို့ ရှိမူ အမျက်ဒေါသ ကြီးအံ့၊ ကျားမျက်လုံးကဲ့သို့ရှိမူ ဒေါသကြီးမားအံ့။

(၅) အကြင်ယောကျ်ားသည် ကြောင်နှာခေါင်းကဲ့သို့ရှိမူ ပညာရှိအံ့၊ ကျားသစ် နှာခေါင်းကဲ့သို့ရှိမူ ကြံစည်လေသမျှ အောင်ဖန်များအံ့၊ နှာခေါင်းရှည်မူ ဥစ္စာများအံ့၊ နှာခေါင်းချင်းချင်းနီမြန်းမူ ချစ်သူ များအံ့၊ နှာခေါင်းနီသယောင်ရှိမူ ဆင်းရဲအံ့၊ နှာခေါင်းပွယောင်းယောင်းရှိမူ ဒေါသ အမျက် စက် ထန်ကြမ်းကြုတ်အံ့၊ နှာခေါင်းပိပြားချပ်မူ ပညာရှိအံ့၊ နှာခေါင်းဖြူမူ ပညာရှိအံ့။

(၆) အကြင်ယောကျ်ားသည် နားကြီးမူ နှလုံးမကောင်း အမျက်ဒေါသ ကြီးမားတတ်၏။ နားဝန်းမူ ပညာရှိအံ့၊ မြေခွေး၏ နားကဲ့သို့ရှိမူ နှလုံး မကောင်း။ နားရှည်မူ ရဲစွမ်းသတ္တိနှင့်ပြည့်စုံအံ့၊ နားမွေးထူပေါမူ ချစ်သူပေါအံ့။

www.burmeseclassic.com

www.burmeseclassic.com



(၇) အကြွင် ယောကျ်ားသည် ဦးခေါင်း သင့်ရုံကြီးမှု ချစ်သူများအံ့၊ထင်ရှားပေါ်လွင်တတ်အံ့၊ ဦးခေါင်းလုံးဝန်းမှု ကောင်းစားအံ့၊ ထိပ်ခွင်မှု မြတ်အံ့၊ မြဲမြံတည်ကြည်မှုရှိအံ့၊ နဖူးမောက်မှု ဝန်တို စဉ်းလဲအံ့၊ ဆင်ဦးကင်းကဲ့သို့ရှိမှု ချစ်သူများအံ့။

ဤသည်တို့မှာ မျက်နှာ၏ ထက်ဝန်းကျင်၌ နှုတ်ခမ်း၊ မျက်လုံး၊ သွား၊ လျှာ၊ မျက်လုံးမျက်ဖန်၊ နှာခေါင်း၊ နားရွက်၊ ဦးခေါင်းတို့ကိုသာ ဖော်ပြထားသော ပညာရှိတို့၏ အဆိုအမိန့်များ ဖြစ်ပါသည်။

လက်ရုံး၊ ကိုယ်လုံးကိုယ်ထည်သွင်ပြင်၊ အသားအရောင်၊ သွားလာတတ်မှုများကို အကဲဖြတ်မှုများမပါဝင်သေးပေ။ အချို့အချက်အလက်များသည် စုံလင်မှု၊ ယုတ္တိခိုင်လုံမှု မရှိသေး၍ ကျမ်းဂန်များကိုဖတ်ရှု လေ့လာ ရှာဖွေ စုဆောင်းဆဲ ဖြစ်ပါသည်။နောင် အလျဉ်းသင့်ပါက ထည့်သွင်းဖော်ပြသွားရန် အစီအစဉ် ရှိကြောင်း ထပ်လောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်....

[redacted]းအောင်လှင်

အရှုး

www.burmeseclassic.com